ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

လက်ခုပ်ပင်ကျေးရွာ

မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

# (၂၀၂၄-၂၀၂၈)

ပြုစုရေးဆွဲသူ

လက်ခုပ်ပင်ကျေးရွာ၊ မင်းဘူးမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ

# လက်ခုပ်ပင်ကျေးရွာ

## မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၂၄ - ၂၀၂၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

လက်ခုပ်ပင်ကျေးရွာ၊ မင်းဘူးမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ

# မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၅

စကားချီး ၆

ဘုမ္မနိုးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ် ၈

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** **၉**

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ ၂၀

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၂

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၆

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၈

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၉

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၂

(၁) လူမှုစီးပွားရေး အခြေအနေ


ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု


(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ


ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ပြဿနာနှင့်အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ
အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်
စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၀

ကိုးကားစာရင်း

၇၅

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေး လုပ်ငန်းများစုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာ များဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာလ ၊ ၂၀၂၄

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
လက်ခုပ်ပင်ကျေးရွာ
မင်းဘူး(စကု)မြို့နယ်

# လက်ခုပ်ပင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က)ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည် ဖော်မည့် အစီအစဉ်သစ်ဖြစ် ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီး နောက်ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီး ပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာန ဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာ

ဖွံ့ဖြိုးရေး နှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်း အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူ

အညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့ မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ် ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင် ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင် အထည်ဖော်ရာတွင်ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့်အထိ ရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ် တို့၏ စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်း ဖြည်းတိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

**၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

ကျွန်တော်တို့ကျေးရွာသည် မင်းဘူး(စကု)မြို့အနောက်ဘက်တွင် တည်ရှိပြီး စကုမြို့ နှင့် ဆက်သွယ်သွားလာရ လွယ်ကူပါသည်။ ကျေးရွာသည် မန်းချောင်းနဘေး မြေပြန့်ဒေသ တွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စျေးရောင်း ဝယ်ရေးလုပ်ငန်းများဖြစ်ကြသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှာ ၆၀ မှ ၈၀ ဝန်းကျင်တွင်ရှိပါသည်။ ကျေးရွာ၏ အနီးနယ်နမိတ်တွင် မန်းချောင်း တည်ရှိသည့်အတွက် အိမ်ထောင်စုအနည်းငယ်မှာ ကိုင်း၊ ကျွန်းသီးနှံများ စိုက်ပျိုးပါသည်။ မိုးရာသီကာလတွင် ၎င်းသီးနှံများ ပျက်စီးဆုံးရှုံးမှုများ အမြဲကြုံတွေ့ရပါသည်။ ကျွန်တော်တို့ကျေးရွာသည် မြန်မာ နိုင်ငံ၏ အလယ်ပိုင်းဒေသ မြေလတ်ပိုင်းဟုလည်း ခေါ်ဆိုကြပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

ကျေးရွာ၏ အနီးအနား နယ်နမိတ်တွင် လယ်၊ ယာ၊ ကိုင်းကျွန်းမြေများ ရှိသော ကြောင့် ကျေးရွာ၏ လူအများအပြားမှ ထိုစိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုရပါသည်။

**၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၄၃၀) စုနှင့် ကျား (၁၀၂၀) နှင့် မ (၁၀၁၅) ဦးဖြင့် လူဦးရေပေါင်း (၂၀၃၅)ဦးရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦး နှင့် ကိုက်ညီပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ် သည် ကျေးရွာရှိလူဦးရေပေါင်း၏ ၆၈% ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ် ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင် နိုင်သည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသား ဦးရေသည် အမျိုးသမီးဦးရေထက် အနည်းငယ်မျှ ပိုနည်းသည်။

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာ သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ ၇၀.၉၂% သည် ဆင်းရဲသော အိမ်ထောင်စုနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုအဆင့်အဖြစ် သတ်မှတ်ပြီး ၁၁.၆၂% သည် ချမ်းသာသည့်အဆင့်၊ ၁၇.၄၄% သည် အလယ်အလတ်ရှိသော အိမ်ထောင်စုအဖြစ် သတ်မှတ်ပါသည်။ ကျေးရွာတွင် စိုက်ပျိုးမြေ ပိုင်ဆိုင်မှု အလွန်နည်းပါးသောကြောင့် ကျေးရွာ၏ စီးပွားအနေအထားမှာ အသင့်အတင့် မျှသာ ရှိပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု များပြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းခွင် များတွင် နေ့စားအလုပ်များကိုသာ ရာသီအလိုက်လုပ်ကိုင်ရှာဖွေ စားသောက်ကြပါသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအဆင့် အိမ်ထောင်စုများ၏ ၃၀% ဖြစ်သော အိမ်ထောင်စု (၉၂)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၇၀% မှာ ငွေတိုးချေးသူများထံမှ

ချေးငှားစားသုံးရပြီး ၃၀% မှာ ချေးငှားစရာမလိုဘဲ နပ်မှန်အောင် စားသုံးနိုင်ကြကြောင်း တွေ့ရှိရပါသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၂၀၀၀၀၀ကျပ်မှ ၄၀၀၀၀၀ ကျပ်အထိ တင်ရှိနေကြပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ သွေးလွန်တုပ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင် ပိုမိုဖြစ်ပွားမှုရှိကြောင်း တွေ့ရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်မာရေး အသိအမြင်များ ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာတွင်း ရရှိနိုင်ကြပြီး (၁)မိုင် (၄)ဖာလုံ အကွာအဝေးတွင် ကားလမ်းဖြင့် အလွယ်တကူသွားလာနိုင်သော မြို့နယ်ဆေးရုံနှင့် ဆေးဆိုင်များကို လက်လှမ်းမီ သွားလာနိုင်သည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့် ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး စာမတတ်သူ အရေအတွက် အနည်းငယ်သာရှိပါသည်။ ဘွဲ့ရပညာတတ်များမှာလည်း အများအပြား ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အခြေခံပညာအလယ်တန်းကောင်းမှာ ရွာထိပ်တွင် တည်ရှိပြီး အထက်တန်းကျောင်းအား စကုမြို့တွင် သွားရောက် ပညာသင်ယူကြပါသည်။ သို့သော် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များ အတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်ပါသည်။

**(စ) ကျား-မရေးရာ ကိစ္စဆိုင်ရာ**

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိပါသည်။ ကျား-မရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျား-မကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြား ဆက်ဆံခြင်းကိစ္စများ မတွေ့ရှိရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်က ပိုများပါသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားလျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။ ကျား/မ တန်းမူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မ တန်းမူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်သည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၂)ဖွဲ့ရှိပါ သည်။ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်းများလည်း ရှိကြပါသည်။ ယင်းအဖွဲ့အစည်းများမှာ ကျေးရွာလူထုကိုယ်တိုင်ဖွဲ့စည်းသောအဖွဲ့အစည်းများဖြစ်ပြီး လှုပ်ရှားဆောင်ရွက်မှု အားကောင်းသည်။ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲနှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါသည်။

### (ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာ၏ အဓိက စီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်ပြီး မွေးမြူရေးမှာ အနည်းငယ်မျှသာရှိပါသည်။ စပါး၊ ကုလားပဲ၊ နှမ်းသီးနှံများ နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး ၎င်းစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်မှုကို ပိုမိုတွေ့ရပြီး ယင်းပိုးများသည် ပိုးသတ်ဆေးတစ်ချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နှင်းရေးနည်း စနစ်ကို လိုလားနေကြသည်။

ကျေးရွာတွင် နွားမွေးသူအိမ်ထောင်စု အရေအတွက်မှာ (၂၀%)ရှိပါသည်။ ဝက်မွေးသူမှာ (၀.၇%)ခန့်ရှိပြီး ဒေသကြက်မွေးမြူရေးမှာ (၂%)ခန့်သာရှိပါသည်။ ရာသီအလိုက် ဖြစ်ပွားတတ်သော တိရိစ္ဆာန်ရောဂါများ အထူးသဖြင့် ခွာနာ၊ လျှာနာ၊ ကြက်လည် လိမ်ရောဂါများအဖြစ်များပြီး ရောဂါကြောင့် သေဆုံးပျက်စီးမှုများ ရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်တိမွေးကုဋ္ဌီးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းပါသည်။ မွေးမြူရေး လုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင်၊ တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူ မရရှိနိုင်ကြချေ။ ရွာထဲမှ ငွေချေးသူများထံမှ ချေးငှားလျှင်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ ကျေးရွာတွင်ရေမြေနေရာ အဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများမရှိပါ။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ စျေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ အစိုးရဝန်ထမ်းတို့ဖြစ်ကြသည်။ အခြားလုပ်ငန်းစုများမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင်ရှိသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားခြင်းမှာ အလာကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ စက်ချုပ်၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ ကားမောင်း စသည်တို့ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် ထိတွေ့မှု နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျပြီး သင်တန်းစရိတ် အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြပါ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ စက်ချုပ်၊ စက်ပြင် စသောသင်တန်းများသို့ အခကြေးငွေ အကုန်အကျခံကာ ပို့လွှတ်သင်ကြားကြသည်။

**(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု**

ကျေးရွာရှိ စပါး၊ ကုလားပဲ၊ နှမ်းစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့်ဓါတုမြေဩဇာ အလွန်အကျွန်သုံးစွဲမှုများသဖြင့် မြေဆီလွှာ အရည်အသွေးကျဆင်းနိုင်ပါသည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး စနစ်အစား ဓါတုပိုးသတ်ဆေးကိုသာ အသုံးပြုမှုများလာပါသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

ကျေးရွာ၏ နယ်နမိတ်အနီးတွင် မန်းချောင်းရေတည်ရှိသောကြောင့် မိုးရာသီကာလတွင် နှစ်စဉ် ကိုင်း၊ ကျွန်းသီးနှံများ ရေလွှမ်းမိုးမှုကြောင့် ပျက်စီးဆုံးရှုံးရပါသည်။ ကုန်းတွင်းပိုင်းဒေသဖြစ်ခြင်းကြောင့် မုန်တိုင်းအန္တရာယ်ဒဏ်နည်းပါးသော်လည်း အားပြင်းမုန်တိုင်းကျရောက်ပါက သီးနှံများ ပျက်စီးဆုံးရှုံးရပါသည်။ အခါအားလျော်စွာ ကျရောက်သော မိုးခေါင်ခြင်းက သဘာဝအန္တရာယ်တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။

**(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာတွင် တောင်သူလယ်သမားများရှိပြီး နှစ်စဉ် မိုးစပါးချေးငွေ (၁)လျှင် (၁၅၀၀၀၀/-)ကျပ်နှုန်းနှင့် (၁၀.၀၀)ဧကအထိ ချေးငွေထုတ်ချေးပါသည်။ သို့သော် မြေဩဇာနှင့် လုပ်အားခစရိတ်ကြီးမြင့်မှုကြောင့် စိုက်ဘဏ်မှ ထုတ်ချေးငွေနှင့် မလုံလောက်ပါ ။ ထို့ကြောင့် အခြားမှ ငွေတိုးဖြင့် စိုက်ပျိုးရပါသည်။ မဟာနှင့် စတာပါနာတို့မှလည်း ချေးငွေရယူပါသည်။ တချို့ချေးငွေများမှာ (၁၄)ရက်တစ်ကြိမ် ပေးဆပ်ရပြီး အတိုးနှုန်းမှာ (၆၀)ပြားပေးဆောင်ရပြီး သတ်မှတ်ကာလကျော်လွန်ပါက ဒဏ်ကြေးပေးဆောင်ရပါသည်။ သီးနှံပေါ်ချိန်တွင် သီးနှံအား ရောင်းချ၍ စိုက်ဘဏ်နှင့်အခြားချေးငွေများအား အပြေအကျေပေးဆပ်ရပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်းရှိပြီး စာသင်ဆောင်(၃)ခုရှိပါသည်။ ရွာသားအားလုံးမှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏ (၂%)မှာ စာမတတ်သူများဖြစ်ကြသည်။ ဘုန်းကြီးကျောင်းပညာရေးတတ်မြောက်သူ (၁%)ရှိပါသည်။ ယခုနှစ်ကျောင်းအပ်နှံသည့် အရေအတွက်သည် မူလတန်းတွင် (၉)နှစ်၊ အလယ်တန်းတွင် (၁၄)နှစ် ထက်ကြီးသော ကျောင်းသား/သူများပါရှိလာခြင်းကြောင့် ကျောင်းသား/သူ ကျပ်တည်းခြင်း၊

သင်ထောက်ကူပရိဘောဂမရှိသလောက်နည်းပါးပါသည်။ ကျေးရွာတွင် ကျန်းမာရေးဆေးပေး ခန်းမရှိပါ။

သောက်သုံးရေအတွက် ဘုံဘိုင်တွင်း၊ မော်တာများဖြင့် သုံးစွဲကြရပါသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကျင်းကို အုတ်ဖြင့် ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးရိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြပါသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်၍ အသုံးပြုသဖြင့် ရေကြောင့်ဖြစ်တတ်သော ရောဂါဖြစ်ပွားမှု နည်းပါးပါသည်။ စာသင်ကျောင်းတွင်လည်း ရေသန့်စက်၊ အိမ်သာများ စနစ်တကျ ဆောက်လုပ်ထားသဖြင့် ကျောင်းသား၊/သူများ အသုံးပြုရလွယ်ကူပါသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်သည့်နေရာ သီးသန့်မရှိပေ။ လူငယ်များသည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး အလှူကထိန်၊ ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအက၊ အလှ တီးဝိုင်းများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း တက်ကြွစွာပါဝင် ဆောင်ရွက်ကြသည်။

**(ဇ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာသည် မင်းဘူး(စကု)မြို့သို့ ဆက်သွယ်သွားလာရန် လမ်းကောင်းမွန်ပါသည်။ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ထွန်စက်၊ ထော်လာဂျီနှင့် နွားလှည်းများကို အသုံးပြုမောင်းနှင်ကြသည်။ လမ်းပန်းဆက်သွယ်ရေးအတွက် စက်ဘီး (၅၀)စီး၊ မော်တော်ဆိုင်ကယ် (၂၀၆)စီး၊ သုံးဘီးဆိုင်ကယ် (၂)စီး၊ ကား (၇)စီးနှင့် နွားလှည်း(၇၈)စီးတို့ကို အသုံးပြုလျက်ရှိကြသည်။

ကျေးရွာတွင် အိမ်ထောင်စုအားလုံး၏ (၉၀%)ခန့်သည် သွယ်တန်းအသုံးပြုနေကြပြီးဖြစ်ပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုမှုမှာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံး အတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

**(စျ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူလုံခြုံရေး**

ကျေးရွာတွင်ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းသောကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ရွာသားများသည် မိုဘိုင်း တယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်မှုနည်းပါးသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရယ် လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသူ/ သားများသည် ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးသည်။

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်ပံ့ဖြစ်စေသော အခြေနေကောင်းများ**

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာသည့် လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်ခြင်း၊ ကျောင်းသား/သူများအတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်ခြင်းစသော လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် အထောက်အကူပြုသည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ ၆၅% မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် များပြားပြီး လူငယ်များကို ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးအထောက်အကူပစ္စည်းများမှင့် ဝန်ဆောင်မှုများလည်း အလွယ်တကူ လက်လှမ်းမီနိုင်ကြသည်။

**(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ**

ကျေးရွာရှိ လယ်၊ ယာ၊ ကိုင်းကျွန်းမြေများသည် မြေဆီလွှာ အသင့်အတင့်ကောင်းမွန်ပြီး အခြားသယံဇာတ မထွက်ရှိပါ။ ကိုင်းကျွန်းမြေများကို ထပ်မံတိုးချဲ့ရန် မဖြစ်နိုင်သဖြင့် ယာမြေများမှ အထွက်နှုန်းတိုးမြင့်အောင် အထူးအားစိုက်ရပါသည်။

ကျေးရွာရှိ လယ်မြေအများစုမှာ ဆည်ရေသောက်စနစ်ဖြစ်ပြီး အနည်းငယ်မျှသာ စက်၊ မော်တာတို့ဖြင့် ရေသွင်းစိုက်ကြပါသည်။ ထို့ပြင် ပိုးသတ်ဆေးအချို့ကိုခံနိုင်သော ဖျက်ပိုးများသည် စပါး၊ နှမ်းနှင့် ကုလားပဲခင်းများတွင် ကျရောက်တတ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နှင်းရေးနှင့် ပါတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေး အထောက်အပံ့များရရှိရန် လိုအပ်သည်။ ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားသည်။ ဘဏ်များမှ ကျေးရွာအရောက်ဝန်ဆောင်မှုပေးသော စနစ်လည်းမရှိဘဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွားရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန် စာရွက်စာတမ်းလိုအပ်ချက်များ ဖြည့်စွက်ရာတွင် အခက်အခဲများကြုံတွေ့ရတတ်ပါသည်။

ကျေးရွာတွင် အိမ်တွင်းမှုလုပ်ငန်းမရှိသေးသဖြင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်း ထုတ်ကုန်လုပ်ငန်းအတွက် ကုန်ကြမ်း၊ နည်းပညာမျှဝေခြင်းအားနည်းပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင် ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ ကျေးရွာရှိအခြေခံအဆောက်အအုံများ၊ကျေးရွာလမ်းများကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာနေလူထုအတွက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

က.၂) ကျွန်ုပ်တို့ ကျေးရွာလူထုသည် အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများ ရရှိခြင်းမှ တစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

က.၃) ကျွန်ုပ်တို့ ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှ တစ်ဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ပြန့်လာစေ ရမည်။

က.၄)ကျွန်တော်တို့ ကျေးရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မားလာမှုမှ တစ်ဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုကို တိုးတက်လာစေရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် လမ်းများကောင်းမွန်အောင် သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း၊ ကျေးရွာသူ/သားများထည့်ဝင်ငွေဖြင့် လမ်းများကိုပြုပြင်ထိန်းသိမ်း သွားမည် ဖြစ်ပါသည်။

ခ.၂) ကျွန်ုပ်တို့သည် ဇာထိုးပန်းထိုး၊ စက်ချုပ်၊ ယိုနှင့် မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ အလှပြင်၊ မိုဘိုင်ဖုန်းပြင်၊ ကွန်ပျူတာအခြေခံသင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် ငွေကြေးအရင်းအနှီးလုပ်ငန်းအစီအစဉ်များနှင့် ချိတ်ဆက်ပေးမည်။

ခ.၃) ကျေးရွာတွင် စာသင်ကျောင်းဆောင် ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်းတိုးမြင့်လာရေးအတွက် ဆောင်ရွက်မည်။ ပညာရေးဌာန နှင့်ချိတ်ဆက်ပြီး မူလတန်းမှ မူလွန်ကျောင်းများရရှိရန် ဘာသာရပ်အလိုက် ကျွမ်းကျင်မှု ပြည့်ဝသော ဆရာ/မ ခန့်ထားရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင် အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

## (၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန် စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေး စီမံချက်များနှင့်ဘတ်ဂျက် ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် စပါး၊ ကုလားပဲ၊ နှမ်းတို့ကို အဓိကထားပြီး စိုက်ပျိုးကြသည်။ အခြားသီးနှံများလည်း စိုက်ပျိုးကြပါသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကို ရရှိသော်လည်း စိုက်ပျိုးရေးထွက်ကုန်များ ရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။

### (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကို ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့်အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့်အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင်

သမဝါယမအသင်း ဖွဲ့စည်းထားခြင်း မရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်းက ချေးငွေလိုအပ်သူများအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

**(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့**

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့်အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော်၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမှီမှုတွင် အားနည်းသည်။ နိုင်ငံတော်အစိုးရနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေး အောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု အထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်း ရှိရပါမည်။

**(c)ကျေးလက်ဝေးဆောက်လုပ်ရေး**

ကျေးရွာတွင် ဈေးမရှိပါ။ ကျေးရွာတွင် မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများက ရေသန့်ရှင်းရေးစနစ်နှင့် လမ်းတို့စနစ်တကျ ပါဝင်သည့် ဈေးအဆောက်အဦးတစ်ခုတည်ဆောက်ပေးရန် ပါဝင်ဆောင်ရွက်ပေးသင့်သည်။ လက်ခုပ်ပင်ကျေးရွာတွင် အနီးပတ်ဝန်းကျင်မှ ရွာသူရွာသားတစ်ချို့အတွက်လည်း အကျိုးခံစားမှုရရှိစေသည်။

**၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမံခန့်ချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ် ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိ နားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွါးရေးအကျိုး ဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည် မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူ ပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Functional classification) – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ

| အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| **လမ်းပန်းဆက်သွယ်ရေးကဏ္ဍ** | | | | | |
| လမ်းများကောင်းမွန်လာစေရန် | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းနှင့် ကုန်ထုတ်လမ်းဖောက်ခြင်း | ၁၀၀ | ၁ | -လမ်းကော်မတီဖွဲ့စည်းခြင်း<br>-ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်အကူအညီ တောင်းခံခြင်း<br>-ရန်ပုံငွေများကောက်ခံခြင်း<br>- ကျေးရွာလူထုမှပါဝင် ဆောင်ရွက်ခြင်း<br>-လမ်းများကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ကျေးလက်ဦးစီးဌာန |
| **ကျန်းမာရေးကဏ္ဍ** | | | | | |
| ကျန်းမာရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေး | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း | ၉၂ | ၂ | -ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ အကူအညီ တောင်းခံခြင်း။<br>-ကျေးလက်ဆေးပေးခန်းနှင့် ကျန်းမာရေးဝန်ထမ်း ရရှိရန် အကူအညီတောင်းခံခြင်း။<br>-ကာကွယ်ဆေးများထိုးနှံခြင်း<br>-ကျန်းမာရေးဝန်ဆောင်မှုများ ရရှိစေရေး တင်ပြအကူ | ကျန်းမာရေးဦးစီးဌာန |

| အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| | | | | အညီတောင်းခံခြင်း | |
| **လူငယ်ရေးရာကဏ္ဍ** | | | | | |
| လူငယ်များ အသိပညာ ဗဟုသုတကြွယ်ဝလာစေရန်နှင့် ကိုယ်လက်ကြံခိုင်ကျန်းမာသန်စွမ်းစေရန် | စာကြည့်တိုက် တည်ဆောက်ခြင်းနှင့် အားကစား အထောက်အကူပစ္စည်းများ ရရှိနိုင်ရေး | ၈၄ | ၃ | - ရန်ပုံငွေများ စုဆောင်းကောက်ခံခြင်း<br>- NGO ၊ INGO အဖွဲ့အစည်း၊ ပြင်ပအလှူရှင်များနှင့် ချိတ်ဆက် အကူအညီတောင်းခံခြင်း<br>- ပြန်/ဆက်ဦးစီးဌာနနှင့် ချိတ်ဆက်အကူအညီ တောင်းခံခြင်း<br>- အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ချိတ်ဆက် အကူ အညီတောင်းခံခြင်း<br>- အားကစားနှင့် ကာယပညာဦးစီးဌာနမှ နည်းပြများနှင့် လေ့ကျင့်သင်ကြားပေးခြင်း | ပြန်/ဆက်ဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန |
| **လျှပ်စစ်မီးလင်းရေးကဏ္ဍ** | | | | | |
| လျှပ်စစ်မီးတိုင်များ ရာသီဥတုဒဏ် ခံနိုင်စေရန် | ကျေးရွာတွင်း လျှပ်စစ်မီးတိုင်(သစ်သားတိုင်မှ ကွန်ကရစ်တိုင်)အစား | ၇၉ | ၄ | - မြို့နယ်လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>- ရန်ပုံငွေများ စုဆောင်းကောက်ခံခြင်း | လျှပ်စစ်ဦးစီးဌာန |

| အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| | ထိုးတပ်ဆင်ရန် | | | - ပြင်ပအလှူရှင်များနှင့် ချိတ်ဆက်အကူအညီ တောင်းခံခြင်း | |
| **လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍ** | | | | | |
| လူမှုရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် | လူမှုကူညီရေးကားဝယ်ယူခြင်းနှင့် နာရေးကူညီမှုကားဝယ်ယူခြင်း | ၆၃ | ၅ | - လူမှုကူညီရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>- ရန်ပုံငွေများ စုဆောင်းကောက်ခံခြင်း<br>- ပြင်ပအလှူရှင်များနှင့် ချိတ်ဆက်အကူအညီ တောင်းခံခြင်း<br>- ကျေးရွာတွင် ကြက်ခြေနီအသင်းအဖွဲ့များမှ နည်းပြများနှင့် အရေးပေါ်ကယ်ဆယ်ရေးသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း | သက်ဆိုင်ရာ အဖွဲ့အစည်း |
| **ပညာရေးကဏ္ဍ** | | | | | |
| ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် | အ.လ.ကမှ အ.ထ.က သို့ တိုးမြှင့်နိုင်ရေး | ၅၇ | ၆ | -ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဖွဲ့စည်းခြင်း<br>-ရန်ပုံငွေများစုဆောင်းခြင်း<br>-NGO၊ INGO အဖွဲ့အစည်း၊ ပြင်ပအလှူရှင်များနှင့် ချိတ်ဆက်အကူအညီတောင်းခံခြင်း | ပညာရေးဦးစီးဌာန |

| အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| | | | | -ပညာရေးဦးစီးဌာနနှင့်ချိတ်ဆက်အကူအညီတောင်းခံခြင်း<br>-ကျောင်းကော်မတီ၊ ရပ်မိရပ်ဖနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်း | |
| **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ** | | | | | |
| ပတ်ဝန်းကျင်သန့်ရှင်း သာယာလှပစေရန် | အမှိုက်သိမ်းယာဉ် ဝယ်ယူခြင်း | ၄၃ | ၇ | - စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှု ကော်မတီဖွဲ့စည်းခြင်း<br>- ရန်ပုံငွေများစုဆောင်းကောက်ခံခြင်း<br>- NGO၊ INGO အဖွဲ့အစည်း၊ ပြင်ပအလှူရှင်များနှင့် ချိတ်ဆက်အကူအညီတောင်းခံခြင်း<br>- ကျေးရွာသူ/သားများ စနစ်တကျ အမှိုက်စွန့်ပစ်နိုင်စေရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း | သက်ဆိုင်ရာ အဖွဲ့အစည်း |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုကဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင် ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ | ၂၀၂၈ |
|---|---|---|---|---|---|---|---|
| ၁။ | ကျေးရွာတွင်းလမ်း ကွန်ကရစ် ခင်းခြင်း | ၁ | ✓ | | | | |
| ၂။ | ကျေးလက်ဆေးပေးခန်း တည်ဆောက် ခြင်း | ၂ | | ✓ | | | |
| ၃။ | စာကြည့်တိုက် တည်ဆောက်ခြင်း | ၃ | | | | ✓ | |
| ၄။ | ကျေးရွာတွင်း လျှပ်စစ်မီးတိုင် (သစ်သားတိုင်မှ ကွန်ကရစ်တိုင်) အစား ထိုးတပ်ဆင်ခြင်း | ၄ | | | ✓ | | |
| ၅။ | ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း | ၅ | | ✓ | | | |
| ၆။ | လူမှုကူညီရေးကား ဝယ်ယူခြင်း | ၆ | | | ✓ | | |
| ၇။ | နာရေးကူညီမှုကား ဝယ်ယူခြင်း | ၇ | | | | ✓ | |
| ၈။ | အားကစားအထောက်အကူပစ္စည်းများ ရရှိနိုင်ရေး | ၈ | | | | ✓ | |
| ၉။ | အ.လ.က မှ အ.ထ.က သို့ တိုးမြှင့်နိုင်ရေး | ၉ | | ✓ | | | |
| ၁၀။ | အမှိုက်သိမ်းယာဉ် ဝယ်ယူခြင်း | ၁၀ | | | ✓ | | |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်း ဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ- လုပ်အား၊သဲ၊ကျောက်၊ပစ္စည်း ကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း | ၁၅၀ သိန်း | ၂ သိန်း | ၁၄၈ သိန်း | - | - |
| ၂ | ကျေးလက်ဆေးပေးခန်း တည်ဆောက်ခြင်း | ၄၂၀ သိန်း | ၅ သိန်း | ၃၉၅ သိန်း | - | ၂၀ သိန်း |
| ၃ | စာကြည့်တိုက် တည်ဆောက်ခြင်း | ၂၈၀ သိန်း | ၅သိန်း | ၂၆၅ သိန်း | - | ၁၀ သိန်း |
| ၄ | ကျေးရွာတွင်း လျှပ်စစ်မီးတိုင် (သစ်သားတိုင်မှ ကွန်ကရစ်တိုင်) အစားထိုးတပ်ဆင်ခြင်း | ၁၅၀ သိန်း | - | ၁၅၀ သိန်း | - | - |

| | | | | | | |
|---|---|---|---|---|---|---|
| ၅ | ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း | ၁၆၄၅.၅၄ သိန်း | ၂၅ သိန်း | ၁၆၂၀.၅၄သိန်း | - | - |
| ၆ | လူမှုကူညီရေးကားဝယ်ယူခြင်း | ၂၅၀ သိန်း | - | ၂၄၀ သိန်း | - | ၁၀ သိန်း |
| ၇ | နာရေးကူညီမှုကားဝယ်ယူခြင်း | ၂၈၀ သိန်း | - | ၂၈၀ သိန်း | - | - |
| ၈ | အားကစားအထောက်အကူ ပစ္စည်းများရရှိနိုင်ရေး | ၁၀၀ သိန်း | ၁ သိန်း | ၉၉ သိန်း | - | - |
| ၉ | အ.လ.က မှ အ.ထ.က သို့ တိုးမြှင့်နိုင်ရေး | ၆၀၀ သိန်း | - | ၆၀၀ သိန်း | | |
| ၁၀ | အမှိုက်သိမ်းယာဉ်ဝယ်ယူခြင်း | ၂၀၀ သိန်း | - | ၂၀၀ သိန်း | - | - |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုကဦးဆောင် အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန် ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက် နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ- မိဘဆရာအသင်းသည်ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည် အသွေး ကောင်းမွန်

တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာအကူအညီများရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်း တစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော အဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်

ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ)ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် လမ်းများပြုပြင်ခြင်းလုပ်ငန်းတွင် စေတနာအလျောက်ထည့်ဝင်လိုသူများ ထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းများပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

**၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်လုပ်ဆောင်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

**(က)ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေး ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်

မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline)ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း(indicator)များဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့်အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှု ကော်မတီမှဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲ အဟန့်အတားများနှင့် ပြုပြင် သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထား ချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များ စုဆောင်းရာတွင်ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ် ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့် ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင်

အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သား များ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

**(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း**

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်း များမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့ အစည်းများ(ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေး အဖွဲ့ အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်း ကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး အစီအစဉ်ကို ပြန်လည် ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာအကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလ တွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီ များကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု စီမံကိန်း ဇယားများ**

**(၁) လူမှုစီးပွားရေး အခြေအနေ**

**(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၁၀ | ၉ | ၁၉ | ၀.၉၃% |
| ၁ နှစ်မှ ၅နှစ်အောက် | ၅ နှစ်အောက်ကလေးငယ် | ၆၅ | ၆၀ | ၁၂၅ | ၆.၁၄% |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသား အရွယ် | ၇၀ | ၅၈ | ၁၂၈ | ၆.၂၈% |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၁၄၈ | ၁၅၂ | ၃၀၀ | ၁၄.၇၄% |
| ၁၅ နှစ်အထက်မှ ၆၀ နှစ် အထိ | အလုပ်လုပ်နိုင်သည့် အရွယ် | ၆၈၂ | ၇၀၅ | ၁၃၈၇ | ၆၈.၁၅% |
| ၆၀နှစ်နှင့်အထက် | သက်ကြီးရွယ်ကြီး | ၄၅ | ၃၁ | ၇၆ | ၃.၇၃% |
| **စုစုပေါင်း လူဦးရေ- ၂၀၃၅** | | **၁၀၂၀** | **၁၀၁၅** | **၂၀၃၅** | **၁၀၀** |
| **စုစုပေါင်း အိမ်ထောင်စု - ၄၃၀** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၅ ဦး** | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ လက်ခုပ်ပင်ကျေးရွာတွင် စုစုပေါင်းအိမ်ထောင်စု (၄၃၀)စုရှိပြီး စုစုပေါင်းလူဦးရေမှ (၂၀၃၅)ဦးရှိပါသည်။ ၁ နှစ်အောက်နို့စို့ကလေးမှာ ကျား (၁၀)ဦး၊ မ(၉)ဦး၊ စုစုပေါင်း(၁၉)ဦးရှိပြီး ၀.၉၃ % ရှိပါသည်။ ၁ နှစ်မှ ၅ နှစ်အောက်ကလေးမှာ ကျား(၆၅)ဦး၊ မ(၆၀)ဦး၊ စုစုပေါင်း(၁၂၅)ဦးရှိပြီး ၆.၁၄% ရှိပါသည်။ ၅ နှစ်မှ ၉ နှစ်ထိ မူလတန်းကျောင်းသားအရွယ်ကလေးမှာ ကျား (၇၀)ဦး၊ မ(၅၈)ဦး၊ စုစုပေါင်း (၁၂၈)ဦးရှိပြီး ၆.၂၈ % ရှိပါသည်။ ၉ နှစ်အထက်မှ ၁၅ နှစ်ထိ အလယ်တန်းကျောင်းသားအရွယ်ဦးရေမှာ ကျား (၁၄၈)ဦး၊ မ(၁၅၂)ဦး၊ စုစုပေါင်း(၃၀၀)ဦးရှိပြီး ၁၄.၇၄% ရှိပါသည်။ ၁၅နှစ်အထက်မှ ၆၀ နှစ်ထိ အလုပ်လုပ်နိုင်သည့်အရွယ်ဦးရေမှာ ကျား (၆၈၂)ဦး၊ မ(၇၀၅)ဦး၊ စုစုပေါင်း(၁၃၈၇)ဦး

ရှိပြီး ၆၈.၁၅%ရှိပါသည်။ ၆၀ နှစ်နှင့်အထက် သက်ကြီးရွယ်ကြီးဦးရေမှာ ကျား (၄၅)ဦး၊ မ(၃၁)ဦး၊ စုစုပေါင်း(၇၆)ဦးရှိပြီး ၃.၇၃% ရှိပါသည်။ တစ်အိမ်ထောင်စုလျှင် ပျမ်းမျှလူဦးရေမှာ (၅)ဦးသာရှိသည့်အတွက် နိုင်ငံတော်က သတ်မှတ်ထားသော ပျမ်းမျှလူဦးရေနှင့် ကိုက်ညီပါသည်။

## (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

**ဧယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစု ဝင်လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၃၅ | ၃၉.၄၇ | ၂၂၁ | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂၀၆ | ၆၀.၂၃ | ၃၁၉ | - | - |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | ၈ | မြစ်ကြီးနားတွင် အလုပ်လုပ်ကြပါသည်။ |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | ၁၆ | မလေး-၈ စက်ဘူ-၂ ရန်ကုန်-၄ ထိုင်း-၂ |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ၂ | ပန်းထိမ် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | ၅ | ပန်းရံနှင့် လက်သမား |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂.၀၄ | ၁ | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂.၀၄ | ၁ | ၃ | စက်ချုပ်-၁<br>ဆံသ-၁ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၂.၀၄ | ၈ | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | ၀.၂၉ | ၁ | - | - |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | – | – |
| ၁၅ | **ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | ၇ | ရဲ-၁၊ စစ်သား-၁ စက်မှု-၁၊ ဆည်မြောင်း-၁၊ ထွေအုပ်-၁၊ စာရေးမ-၁ |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | ၁၀ | ဆရာ-၁<br>ဆရာမ-၉ |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | ၂ | သူနာပြု-၁<br>သားဖွား-၁ |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | – | – |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | – | – |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | – | – |
| | **စုစုပေါင်း** | ၃၅၁ | ၁၀၀ | ၅၅၁ | ၅၃ | – |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာသည် စိုက်ပျိုးရေးကို လုပ်ကိုင်သော အိမ်ထောင်စုမှာ (၁၃၅)စုရှိပြီး မိသားစုဝင်လုပ်အားများမှာ ကိုယ်ပိုင်စိုက်ပျိုးရေးတွင် (၂၂၁)ဦး၊ အခြားရာသီအလိုက် ကျပန်းလုပ်ကိုင်သော အိမ်ထောင်စုမှာ (၂၀၆)စုရှိပြီး အဌားမိသားစုဝင် လုပ်အားမှာ (၃၁၉)ဦး ရှိသည်ကိုတွေ့ရှိရပါသည်။ သတ္တုတူးဖော်ရေးနှင့် ကျောက်ထုတ်လုပ် ရေးလုပ်ငန်းတွင် ရာသီအလိုက်အလုပ်သမား (၈)ဦးရှိပါသည်။ ဆောက်လုပ်ရေး၊ လက် သမား၊ ပန်းရံအလုပ်သမားများသည် ရာသီအလိုက်အလုပ်သမား (၁၆)ဦးရှိပါသည်။ ယာဉ်စက် ကိရိယာဆိုင် ကိုယ်ပိုင်လုပ်ကိုင်သူအိမ်ထောင်စု(၁)စုနှင့် မိသားစုဝင်လုပ်အား (၁)ဦးရှိပါသည်။ စက်ချုပ်ကိုယ်ပိုင်လုပ်ကိုင်သူအိမ်ထောင်စု(၁)စုရှိပြီး မိသားစုဝင်လုပ်အား (၁)ဦးရှိပါသည်။ အပ်ချုပ်လုပ်ငန်း တွဲဖက်လုပ်ကိုင်သူ (၂)ဦးရှိပါသည်။ ဆံသတွဲဖက်လုပ်ကိုင်သူ (၁)ဦးလည်း ရှိပါသည်။ လက်လီလက်ကားရောင်းဝယ်ရေး ကိုယ်ပိုင်လုပ်ကိုင်သူ အိမ်ထောင်စု(၇)စုနှင့် မိသားစုလုပ်အား(၈)ဦးရှိပါသည်။ ပို့ဆောင်ရေးတွင် အဌားအလုပ်သမားအိမ်ထောင်စု (၁)စုရှိပြီး မိသားစုဝင်လုပ်အား(၁)ဦးရှိပါသည်။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်သူ (၇)ဦးရှိပါသည်။ ပညာရေးဝန်ထမ်း (၁၀)ဦးရှိပါသည်။ ကျန်းမာရေးဌာနတွင် လုပ်ကိုင်သူ

(၂)ဦးရှိသည်ကို တွေ့ရပါသည်။

### (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၀၀၀ | - |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - | - |
| ၃ | ငါးလုပ်ငန်း- ရေချို/ရေငန်ငါးဖမ်းခြင်း၊ငါးပိ၊ ငါးခြောက် လုပ်ငန်း | နေ့စား | - | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | - | - | - | - | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက် | နေ့စား | - | - | - | - | - |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| | ဆိုင်လုပ်ငန်း | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသော ကျေးရွာဖြစ်သောကြောင့် စိုက်ပျိုးရေးဆိုင်ရာ ကျား၊မအလိုက် ဝင်ငွေများမှာ ယောကျ်ားလေး အများဆုံးလုပ်အားခမှာ (၈၀၀၀)ကျပ် အနည်းဆုံး(၇၀၀၀)ကျပ်ဖြစ်ပြီး မိန်းကလေးအများဆုံး (၆၀၀၀)ကျပ်၊ အနည်းဆုံး ၅၀၀၀ ကျပ်ဖြစ်ပါသည်။ စိုက်ပျိုးရိတ်သိမ်းချိန်မှသာရရှိပြီး သာမန်ချိန်များတွင် ကျား/မ တန်းတူသာရရှိပါသည်။ မွေးမြူရေးလုပ်ငန်းမှာလည်း တစ်နှိုင်တစ်ပိုင်ဖြစ်၍ ဝင်ငွေလည်းနည်းပါသည်။ ထိုကြောင့် ဝင်ငွေရလုပ်ငန်းများကို များစွာလိုအပ်ပါသည်။

## (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/ အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၁၁၄၇.၈၇ | သင့် | သင့် | အိုင်းမရေလွဲဆည် |
| ယာမြေ /တောင်ယာ | ၆၀.၃ | သင့် | – | မိုးရေ |
| ဥယျာဉ်ခြံမြေ | – | – | – | – |
| အိမ်ခြံဝင်း စိုက်ခင်း | – | – | – | – |
| နှစ်ရှည်သီးနှံ စိုက်ခင်း | – | – | – | – |
| ရွှေ့ပြောင်းတောင် | – | – | – | – |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/ အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| ယာမြေ | | | | |
| ကိုင်း/ကျွန်းမြေ | ၇၁.၃ | သင့် | - | တွင်းရေနှင့်မိုးရေ |
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | - | - | - | - |
| အခြား | - | - | - | - |
| **စုစုပေါင်း** | **၁၂၇၈.၉၃** | **သင့်** | **သင့်** | **အိုင်းမဆည်/မိုးရေ** |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**မှတ်ချက်။** ။ ရေရရှိသည့် နေရာအမျိုးအစား - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာ(၂၄၈.၉၃) ဧကရှိပါသည်။ လယ်မြေဧကမှာ (၁၂၇၈.၉၃) ဧကရှိပါသည်။ လယ်မြေဧကမှာ(၁၁၄၇.၈၇) ဧကရှိပြီး ဆည်ရေသောက်လယ်မြေများနှင့် အချို့မှာ စက်ရေတင် အဝီစိတွင်းများရှိပါသည်။ ယာမြေမှာ (၆၀.၃)ဧကရှိပြီး မိုးရေကို အမှီပြု၍ စိုက်ပျိုးကြပါသည်။ ကိုင်းမြေမှာ (၇၁.၃)ဧကရှိပါသည်။ စိုက်ပျိုးမြေများ၏ မြေဆီလွှာများမှာ အသင့်အတင့်သာရှိသောကြောင့် သီးနှံများစိုက်ပျိုးရာတွင် ဓာတုမြေဩဇာများ ထည့်သွင်းသုံးစွဲရပါသည်။ သုံးစွဲရန်အတွက် စိုက်ဘဏ်၊ သမဝါယမကွေများ ရရှိသော်လည်း အချို့ကိုင်းမြေများတွင် လုပ်ပိုင်ခွင့်မြေယာ ပုံစံ(၇) မရရှိခြင်းကြောင့် စိုက်ပျိုးရေးချေးငွေများ မရရှိ၍ သွင်းအားစုများ သုံးစွဲနိုင်ခြင်းမရှိပါ။ ထိုကြောင့် ချေးငွေများရရှိရန်နှင့် နိုင်ငံတော်မှ စိုက်ပျိုးရေးနည်းပညာများကို နည်းပညာပေး လမ်းညွှန်မှုများကို ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

### (၁.၃.၂)  ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ |
| အခြား ရင်းမြစ်များ | မရှိ | လက်လှမ်းမမီ |
| **အခြားသဘာဝ ရင်းမြစ်** | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင် အပင်များ) | သင့် | လွယ် |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသော ကျေးရွာဖြစ်သောကြောင့် သဘာဝအရင်းမြစ်များဖြစ်သော တိရစ္ဆာန်မျိုးစိတ်များမှာ ယခင်ကပေါများသော်လည်း ယခုနောက်ပိုင်းတွင် နည်းပါးလာပါသည်။ သဘာဝအပင်မျိုးစိတ်များနှင့် နွားစာဆေးဘက်ဝင်အပင်များမှာလည်း လူနေထူထပ်လာပြီး အဆောက်အဦးများဆောက်ခြင်း၊ စိုက်ပျိုးမြေနေရာတိုးချဲ့ခြင်းတို့ကြောင့် သဘာဝအပင်မျိုးစိတ်များ ဆေးဘက်ဝင်အပင်များမှာ ရှားပါးခက်ခဲလာပါသည်။

### (၁.၄)  ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၃၀-၁၅ | ၁၄-၈ | ၇-၁ | - |
| အိမ်အခြေအနေ | ပျဉ်ထောင်၊ တိုက်ခံ | လေးပင်၊ ပျဉ်ထောင် | လေးပင်၊ ထရံကာ၊ သွပ်မိုး | သုံးပင်၊ သွပ်မိုး |
| လုပ်ငန်းသုံးကိရိ | ခြွေလှေ့စက်၊ | - | - | - |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| ယာ ပိုင်ဆိုင်မှု | နွားစာ စဉ်းစက် | | | |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | TVI EVD Sky Net ဖုန်း | TVI EVDI ဖုန်း | TVI EVDI ဖုန်း | ဖုန်း |
| အဓိကစီးပွားရေးလုပ်ငန်း | ယာလုပ်ငန်း | ယာလုပ်ငန်း | ယာလုပ်ငန်း | ကျပန်း(ကူလီ) |
| အခြားပိုင်ဆိုင်မှု | ကား၊ ဆိုင်ကယ် | ဆိုင်ကယ် | ဆိုင်ကယ် | ဆိုင်ကယ် |
| အိမ်ထောင်စု - | ၅၀ (၁၁.၆၂ %) | ၇၅ (၁၇.၄၄%) | ၁၁၈ (၂၇.၄၄%) | ၁၈၇(၄၃.၄၈%) |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်မတို့ကျေးရွာတွင် အိမ်ထောင်စု (၄၃၀)စုရှိပြီး အဆင်ပြေသောအိမ်ထောင်စု (၅၀)စုရှိပါသည်။ အဓိက စီးပွားရေးလုပ်ငန်းမှာ ယာလုပ်ငန်းဖြစ်ပြီး လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှုမှာ ခြွေလှေ့စက်နှင့် နွားစာစဉ်းစက်များရှိပါသည်။ အိမ်အခြေအနေမှာ တိုက်ခံ၊ ပျဉ်ထောင်အိမ်များဖြစ်ပါသည်။ ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှုမှာ TV ၊ EVD ၊ Sky Net နှင့် ဖုန်းများဖြစ်ပြီးအခြားမှာ ဆိုင်ကယ်နှင့် ကားများဖြစ်ပါသည်။ အလယ်အလတ်အိမ်ထောင်စုမှာ (၇၅)စုရှိပြီး အဓိကယာလုပ်ငန်းသာ လုပ်ကိုင်ကြပါသည်။ အိမ်အခြေအနေမှာ လေးပင်၊ ပျဉ်ထောင်၊ သွပ်မိုးတို့ဖြစ်ပါသည်။ ဆင်းရဲသောအိမ်ထောင်စုမှာ (၁၁၈)စုရှိပြီး အလွန်ဆင်းရဲသော အိမ်ထောင်စုမှာ (၁၈၇)စုရှိပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓန အဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၄၂ | ၄၅.၆၅ | - |
| ၃ လနှင့် ၆ လအောက် | ၃၀ | ၃၂.၆ | - |
| ၆ လ မှ ၁၂ လ အထိ | ၂၀ | ၂၁.၇၃ | - |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ရွာ၏ ဝမ်းစာဖူလုံမှုကောက်ယူရာတွင် အိမ်ထောင်စု (၄၂)စုမှာ ၃ လအောက်ဖူလုံသူများဖြစ်ပြီး ၃လမှ ၆ လထိ ဖူလုံသော အိမ်ထောင်စုများမှာ (၃၀)စုရှိပါသည်။ ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံသော အိမ်ထောင်စုမှာ (၂၀)စု ရှိပါသည်။ ကျန်ကာလများကို အလျင်းသင့်သလို ငွေတိုးချေးယူပြီး မိသားစုအတွက်ဖြေရှင်းကြပါသည်။ ချေးယူထားသောအိမ်ထောင်စုများမှာ သီးနှံပေါ်မှ ထွက်ရှိသောသီးနှံများကို ရောင်းချးပြီး ပြေလည်အောင် ဆပ်ကြရပါသည်။

### (၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | ၁ | ၃ | ၄ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁၂ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် | - | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| အိမ်ထောင်စု | | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်<br>နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | – | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျွန်တော်တို့ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုမှာ ကျား(၁)ဦး၊ မ(၃)ရှိပါသည်။ လူမှုရေးစောက်ရှောက်ရေးအဖွဲ့များ နည်းပါးပြီး ဆင်းရဲသောမိသားစုဦးရေ များပြားသဖြင့် နယ်ထွက်အလုပ်လုပ်ကိုင်ရသော မိသားစုများသောကြောင့် လူမှုဖူလုံရေးအဖွဲ့မရှိသဖြင့် အသက်(၆၀)နှစ်နှင့်အထက် လူကြီးများအတွက် လူမှုအဖွဲ့အစည်းများ လိုအပ်ပါသည်။

## (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု<br>(နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | နိမ့် | စိုက်ပျိုးရေးဒေသ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု<br>(မြေ၊ စိုက်ပျိုးရေ) | လတ် | မြေပြန့်ဆည်ရေသောက်ဒေသ |
| ၃ | ရေကြီးခြင်း | နိမ့် | မြစ်နှင့်ဝေးသောဒေသ |
| ၄ | မိုးခေါင်ခြင်း | လတ် | ဆည်ရေသောက်ဒေသ |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | မြန်မာပြည်အလယ်ပိုင်း |
| ၆ | မုန်တိုင်း | နိမ့် | မြေပန့်ဒေသ |
| ၇ | ငလျင် | နိမ့် | အနည်းငယ်ရှိ |
| ၈ | မီးဘေး | နိမ့် | အရန်မီးသတ်တပ်ဖွဲ့ရှိခြင်း |
| ၉ | ဆားငန်ရေဝင်မြေ | – | – |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ<br>ပျက်ယွင်းမှု | လတ် | မန်းချောင်းနှင့်နီးခြင်း၊<br>မိုးသည်းထန် စွာ ရွာသွန်းခြင်း |
| ၁၁ | သစ်တောပြုန်းတီးခြင်း | လတ် | စည်းကမ်းမဲ့ခုတ်ယူခြင်း |
| ၁၂ | ၄က်ဖျားရောဂါ | နိမ့် | ပညာပေးဟောပြောပွဲရှိခြင်း |
| ၁၃ | တီဘီရောဂါ | နိမ့် | ပညာပေးဟောပြောပွဲရှိခြင်း |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | ပညာပေးဟောပြောပွဲရှိခြင်း |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | – | – |
| ၁၆ | တိရိစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် | တိ/မွေးကုန့် ဆက်သွယ်မှုရှိ |
| ၁၇ | လူကုန်ကူးခြင်း | – | – |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | လတ် | မင်းဘူး/ရွှေစက်တော်လမ်း အမှီပြု |
| ၁၉ | အခြား | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာသည် စိုက်ပျိုးရေးရွာဖြစ်ပြီး စားနပ်ရိတ်ခါ ဖူလုံ၍ သဘာဝအရင်းမြစ်နှင့် ဆယ်ရေသောက်မြေဧရိယာများဖြစ်ပါသည်။ မိုးတွင်းကာလများတွင် မန်းရေကြီးပြီး ကိုင်းမြေများမှာ လုပ်ကိုင်၍မရသဖြင့် ပွင့်လင်းရာသီများမှသာ ကိုင်းမြေများတွင် စိုက်ပျိုးလုပ်ကိုင်နိုင်ပြီး အအေးလွန်ကဲခြင်းမှာလည်း မြန်မာနိုင်ငံ အလယ်ပိုင်းဖြစ်သည့်အလျောက် အသင့်အတင့်အနေအထားတွင်ရှိပါသည်။ မုန်တိုင်းနှင့် ငလျင်ဆိုသည်မှာလည်း မရှိသလောက်နည်းပါးပါသည်။ မီးဘေးနှင့်ပတ်သက်ပြီး တောရိုင်းမြေနှင့်ဝေးကွာ၍ ရွာအတွင်းမှာလည်း အရံမီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းထားပါသည်။ မြစ်နှင့်ဝေးကွာခြင်းကြောင့် ဆားငံရေဝင်ရောက်မှုမရှိပါ။ မန်းချောင်းနှင့် နီးသော မြေဧရိယာများမှာ နှစ်စဉ်ပျက်စီးမှုများရှိပါသည်။ ဆေးကုသရန်အတွက်လည်း (၁)မိုင်အတွင်းတွင် စကုမြို့ ပြည်သူ့ဆေးရုံရှိပြီး အဆင်ပြေစွာ သွားလာနိုင်ပါသည်။

### (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | နိမ့် | လေလွင့်ပျက်စီးမှုမရှိ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် | မြင့် | ဝင်ငွေနည်းပါး၊ အလုပ်ရှားပါး |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | ဆင်းရဲသည့် အိမ်ထောင်စု | | |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | လယ်ယာမြေကနည်းပါးမှု |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | - | - |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | - | - |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | သစ်ပင်ကြီးများအောက်တွင် နေသူ နည်းပါးပြီး မတော်တဆမှု နည်းပါးပါသည်။ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်း ခံရသူများ (IDP) | - | - |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | - | - |
| ၉ | ငါးကန်ပိုင်ရှင် | - | - |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | စိုက်ပျိုးချိန်တွင်သာ အလုပ်ရှိခြင်း |
| ၁၁ | လူနည်းစုလူမျိုးများ | - | - |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ | - | - |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | - | - |
| ၁၄ | ရွှေတွင်းလုပ်သား | - | - |
| ၁၅ | ဆေးစွဲသူများ | - | - |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | - | - |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | - | - |
| ၁၈ | နေရပ်ပြန် အခြေချသူများ | - | - |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | လတ် | စီးပွားရေးအဆင်မပြေ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၂၀ | ကားသမား | မြင့် | မတော်တဆထိခိုက်မှုများရှိခြင်း |
| ၂၁ | အခြား | - | - |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် လူငယ်များမှာ လေလွင့်နည်းပါးပြီး အမျိုးသမီးဦးဆောင်သောမိသားစုများတွင် စားဝတ်နေရေးကျပ်တည်းပါသည်။ လုပ်ကိုင်စားသောက်ရန် မြေယာဧကနည်းပါး၍ နယ်ထွက်အလုပ်လုပ်ကိုင်သူများရှိပြီး ရပ်ရွာထဲတွင် စိုက်ပျိုးရေးအချိန်မှလွဲလျှင် အလုပ်အကိုင် နည်းပါးပါသည်။ မတော်တဆမှုနှင့် ပတ်သက်ပြီး သစ်ပင်ကြီးများနှင့် ဝေးသောနေရာများတွင် ဆောက်လုပ်ထားပြီး အန္တရာယ် နည်းပါးပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

#### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | လူငယ်အဖွဲ့ | ၂ | ၂၀ | ၃၀ | ၅၀ | သာရေး၊ နာရေး | ၄ | ၆ |
| ၂ | အမျိုးသမီးအဖွဲ့ | ၂ | - | ၄၀ | ၄၀ | သာရေး၊ နာရေး | ၄ | ၆ |
| ၃ | ဝတ်အသင်းအဖွဲ့ | ၃ | ၂၅ | ၃၀ | ၅၅ | ဘာသာရေး | ၄ | ၆ |
| ၄ | ယဉ်ကျေးမှုအဖွဲ့ | ၃ | ၅ | ၄ | ၉ | အိုးစည်ဒိုးပတ် | ၄ | ၆ |
| ၅ | မဟာ | ၁ | | ၅ | ၅ | ငွေစုငွေချေး | ၄ | ၆ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၆ | စထာပါနာ | ၁ | | ၅ | ၅ | ငွေစုငွေချေး | ၄ | ၆ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့(အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် လူငယ်နှင့် အမျိုးသမီးအဖွဲ့အစည်းများမှာ ဘာသာရေးနှင့် သာရေး၊ နာရေး၊ လူမှုရေးတို့ပါဝင်လုပ်ကိုင်ဆောင်ရွက်ကြ၍ ဓမ္မာရုံသန့်ရှင်းရေးများ၊ ဘုရားပန်းလဲခြင်းများကိုလည်း တစ်ပတ်တစ်ခါ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ဝါတွင်းကာလများတွင်လည်း သံဃဒါန ဆွမ်းလောင်းကြပြီး ကျေးရွာလူမှုရေးအဖွဲ့မှလည်း အိုးစည်ဒိုးပတ်များဖြင့် ပျော်ရွှင်စွာ ပါဝင်ဆောင်ရွက်ကြပါသည်။

### (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ – UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ပြင်ပအဖွဲ့အစည်းများအနေဖြင့် ကျွန်တော်တို့ရွာတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်လျက်ရှိပါသည်။

## (၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

#### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ် ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၈၇ | ၄၃.၄ | မြေမဲ့ယာမဲ့ |

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ် ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၂ | ၂.၅ ဧကအောက် | ၆၃ | ၁၄.၆၅ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၅၅ | ၁၂.၇၉ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၇၅ | ၁၇.၄၄ | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၅၀ | ၁၁.၆၂ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၄၃၀** | **၁၀၀** | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ချောင်းကောက်ကျေးရွာရှိ မြေယာမဲ့အိမ်ထောင်စုအရေအတွက် (၁၈၇)စုရှိပြီး ၄၃.၄၈ % ရှိပါသည်။ ၂.၅ ဧကအောက်ပိုင်ဆိုင်သော အိမ်ထောင်စု(၆၃)စုရှိပြီး ၁၄.၆၅% ရှိပါသည်။ ၂.၅ ဧကမှ ၅ ဧကအထိ ပိုင်ဆိုင်သော အိမ်ထောင်စု(၅၅) စုရှိပြီး ၁၂.၇၉% ရှိပါသည်။ ၅ ဧကမှ ၁၂.၅ ဧကကြားပိုင်ဆိုင်သော အိမ်ထောင်စု(၇၅) စုရှိပြီး ၁၇.၄၄% ရှိပါသည်။ ၁၂.၅ ဧကအထက်ပိုင်ဆိုင်သည့် အိမ်ထောင်စု(၅၀)စုရှိပြီး ၁၁.၆၂% ရှိသည်ကို တွေ့ရှိရပါသည်။

### (၂.၂.၁.၂) အစိုးရ နှင့် ပုဂ္ဂလိက ရေရှင်းမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေရှင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ / ပုဂ္ဂလိက | ရေသောက် ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တန့်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | အစိုးရ | - | ရာသီအလိုက် | ရှိ |
| ၂ | ရေလွှဲဆည် | အိုင်းမ | - | - | - |
| ၃ | မြစ်ရေတင်စီမံကိန်း | - | - | - | - |
| ၄ | အဝီစိတွင်း | - | - | - | - |
| ၅ | လက်ငင်ရေတွင်း | - | - | - | - |
| ၆ | စိမ့်စမ်းရေ | - | - | - | - |
| ၇ | ချောင်းရေ | - | - | - | - |
| ၈ | အခြား/မိုးရေ | - | ၁၅၁၃.၅ | ရာသီအလိုက် | ရှိ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ရွာ၏ စိုက်ပျိုးမြေ၏ ရေအရင်းအမြစ်မှာ အစိုးရ၏ မန်းချောင်းရေလောင်တမံနှင့် အိုင်းမရေလွဲဆည်မှ ရာသီအလိုက် ရေရရှိ၍ ကျေးရွာအတွင်း ရေသောက်ဧကမှာ ()ရှိပြီး အခြားအဝီစိတွင်းမှ သုံးစွဲမှုမှာ ဆောင်းရာသီ သီးနှံများသာ အနည်းငယ် စက်တပ်၍ သုံးစွဲလေ့ရှိကြသည်။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုး သည့် ကာလ | | သွင်းအား စု လိုအပ် ချက်(နိမ့်/ လတ်/ မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/ လတ်/ မြင့်) | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| နှမ်း | ၆၀.၃ | တင်း | ၆ | ၁၂ | ၉ | ဧပြီ | ဇွန်လ | မြင့် | နိမ့် | |
| စပါး | ၁၁၄၇.၈၇ | တင်း | ၆၀ | ၈၀ | ၇၀ | ဇူလိုင် | နိုဝင်ဘာ | မြင့် | လတ် | |
| ကုလားပဲ | ၇၁.၃ | တင်း | ၈ | ၁၂ | ၁၀ | ဒီဇင်ဘာ | ဖေဖော်ဝါရီ | မြင့် | လတ် | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ဒေသအတွင်း အဓိက စိုက်ပျိုးသောသီးနှံများ၏ အထွက်နှုန်းမှာ အသင့်အတင့်သာရှိပါသည်။ သီးနှံထွက်နှုန်းမှာ နှမ်း ၁ ဧကလျှင် အများဆုံး ၁၂ တင်း၊ အနည်းဆုံး ၆ တင်းမျှထွက်ရှိပြီး ပျမ်းမျှ ၉ တင်းထွက်ရှိပါသည်။ နှမ်းကို ဧပြီလမှ ဇွန်လအထိ စိုက်ပျိုးနိုင်ပြီး သွင်းအားစုလိုအပ်ချက်မှာ မြင့်ပါသည်။ အမြတ်ရရှိနိုင်မှုမှာ နိမ့်ပါသည်။ စပါး ၁ ဧကလျှင် အများဆုံး ၈၀ တင်း၊ အနည်းဆုံး ၆၀ တင်းမျှထွက်ရှိပြီး ပျမ်းမျှ ၇၀တင်းထွက်ရှိပါသည်။ စပါးကို ဇူလိုင်လမှ နိုဝင်ဘာလအထိ စိုက်ပျိုးနိုင်ပြီး သွင်းအားစုလိုအပ်ချက်မှာ မြင့်ပါသည်။ အမြတ်ရရှိနိုင်မှုမှာ အလယ်အလတ်ဖြစ်ပါသည်။ ကုလားပဲ ၁ ဧက

လျှင် အများဆုံး ၁၂ တင်း၊ အနည်းဆုံး ၈ တင်းမျှထွက်ရှိပြီး ပျမ်းမျှ ၁၀ တင်း ထွက်ရှိပါသည်။ ကုလားပဲကို ဒီဇင်ဘာလမှ ဖေဖော်ဝါရီလအထိ စိုက်ပျိုးနိုင်ပြီး သွင်းအားစုလိုအပ်ချက်မှာ မြင့်ပါသည်။ အမြတ်ရရှိနိုင်မှုမှာ အလယ်အလတ်ဖြစ်ပါသည်။

### (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဧယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် | မှတ်ချက်/အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | ၄ | - | - | - | - | - | - |
| လက်တွန်းထွန်စက် | ၇၈ | - | - | - | - | - | - |
| အစေ့ချ ကိရိယာ | - | - | - | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | - | - | - | - | - |
| ရိတ်သိမ်းစက် | ၁ | - | - | - | - | - | - |
| ခြွေလှေ့စက် | ၉ | - | - | - | - | - | - |
| ရေစုပ်စက် | ၆၁ | - | - | - | - | - | - |
| ခြေနင်းရေတင်စက် | - | - | - | - | - | - | - |
| မြက်ရိတ်စက် | ၅၃ | - | - | - | - | - | - |
| အခြား | - | - | - | - | - | - | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် လယ်မြေများအပေါ်တွင် အချိန်မီ

ထွန်ယက်စိုက်ပျိုးနိုင်ရန် လက်တွန်းထွန်စက်များ အသင့်အတင့်ရှိပါသည်။ ရေစုပ်စက် အနေအားဖြင့်လည်း လုံလောက်မှုရှိပါသည်။ စိုက်ချိန်၊ ပျိုးချိန်မီရန် ခြံနွယ်မြက်ပေါင်းများ ရှင်းလင်းနိုင်ရန် မြက်ရိတ်စက်များလည်းရှိ၍ အခက်အခဲမရှိပါ။

### (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီဩဇာ) | စိုက်ပျိုးမြေအနေဖြင့် တိုးချဲ့ဖော်ထုတ်ရန် မရှိပါ။ မြေဆီဩဇာဖြည့်ပြီး စိုက်ပျိုးနိုင်ပါသည်။ |
| ရေရင်းမြစ် | ဆည်ရေသောက်ဧရိယာအတွင်း |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေဩဇာ | နွားချေး၊ ဆိတ်ချေး၊ သစ်ရွက်ဆွေးများရရှိပါသည်။ |
| အော်ဂဲနစ်/ဓာတုပိုးသတ်ဆေး | စိုက်ပျိုးရေးဆေးဆိုင်များမှ အလွယ်တကူဝယ်ယူသုံးစွဲနိုင်ပါသည်။ |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | စိုက်ဘဏ်မှ ရရှိပါသည်။ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | စိုက်ပျိုးရေးဆေးကုမ္ပဏီများနှင့် ချိတ်ဆက်၍ နည်းပညာများ ပံ့ပိုးကူညီပါသည်။ |
| သွင်းအားစုဈေးကွက် | မြို့နဲ့နီး၍ လက်လှမ်းမီ |
| ထုတ်လုပ်မှုဈေးကွက် နှင့်ကုန်သွယ်မှု | မင်းဘူး–မကွေးမြို့သို့ သွားရောက်ရောင်းချနိုင်ပါသည်။ |
| အခြား | - |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးမြေအနေအထားမှာ တိုးချဲ့စိုက်ပျိုးရန် အနေအထား ပြည့်စုံမှုမရှိပါ။ ၎င်းမြေပေါ်မှာသာ မြေဆီမြေဩဇာများ ပြည့်မီအောင် ထည့်သွင်း၍ အထွက်တိုးအောင် စိုက်ပျိုးကြပါသည်။ လယ်ယာမြေများ၏ ရေအရင်းမြစ်သည် ဆည်ရေသောက်ဧရိယာအတွင်းဖြစ်၍ ရေရရှိမှုလုံလောက်ပါသည်။ သဘာဝမြေဆွေးများကို နွားချေး၊ ဆိတ်ချေး၊ သစ်ရွက်ဆွေးများမှ ရရှိပါသည်။ ပိုးမွှားကျရောက်ချိန်တွင် စိုက်ပျိုးရေး

အသိပညာပေး ဟောပြောပွဲများပြုလုပ်၍ ဓါတုဆေးဝါးများကိုလည်း စနစ်တကျ အသုံးပြုကြသည်။ စိုက်ပျိုးရေးအတွက် သွင်းအားစုများ ထည့်သွင်းရန် စိုက်ဘဏ်မှ ချေးငွေများရရှိပါသည်။ ထုတ်လုပ်မှုစျေးကွက်နှင့် ကုန်သွယ်မှုအနေဖြင့် မင်းဘူးမြို့နှင့် မကွေးမြို့များသို့ သွားရောက် ရောင်း/ဝယ်ကြပါသည်။

### (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | တိုးချဲ့ရန် မြေမရှိခြင်း |
| မြေဆီဩဇာအခြေအနေ | ဓါတုမြေဩဇာသုံးစွဲမှုများ၍ မြေဆီလွှာပျက်စီးပါသည်။ |
| ငွေကြေးအရင်းအနှီး ရရှိနိုင်မှု | အချိန်မီမရ/ လုံလောက်မှုမရှိပါ။ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | ငွေကြေးမလုံလောက်ခြင်း |
| လုပ်သားရှားပါးမှု (ကျွမ်းကျင် သူ/ မကျွမ်းကျင်သူ) | အခကြေးငွေနည်းပါး၍ မိသားစုအသုံးစရိတ်နှင့် မကိုက်ညီသောကြောင့် အလုပ်သမားများ ရှားပါးပါသည်။ |
| ရေရင်းမြစ်များ ရရှိနိုင်မှု | ရာသီဥတုပေါ်မှာမှီခိုရခြင်းကြောင့် အခက်အခဲဖြစ်နိုင်သည် |
| စိုက်ပျိုးရေ မလုံလောက်မှု | မရှိပါ။ |
| ဖျက်ပိုးနှင့် ရောဂါ | သွင်းအားစုများအချိန်မီအပြည့်အဝ မသုံးစွဲနိုင်ခြင်းကြောင့် ထိခိုက်ပါသည်။ |
| စျေးကွက် လက်လှမ်းမီမှု | သီးနှံတိုင်း စျေးကောင်းစွာ မရရှိပါ။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာပေးဝေနေသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု အားနည်းခြင်း |
| အခြား | - |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ဒေသတွင် ရွာချင်းဆက်များနီးကပ်၍ မြေနေရာများ တိုးချဲ့၍မရပါ။ မြေဆီလွှာများတွင် ဓာတုဆေးဝါးများသုံးစွဲမှု လွန်ကဲခြင်းကြောင့် မြေဆီလွှာများ ပျက်စီးရသည်။ စိုက်ပျိုးစရိတ်များအနေဖြင့် ထုတ်ပေးသည့်အချိန် အနည်းငယ်နောင့်နှေး၍ မျိုးစေ့ကောင်းများနှင့် သွင်းအားစုများဝယ်ရန် မလွယ်ကူနိုင်ပါ။ လုပ်ခများ

နည်းပါး၍ မိသားစုအသုံးစရိတ်နှင့် မကိုက်ညီသောကြောင့် အလုပ်သမားများ ရှားပါးပါသည်။ စိုက်ပျိုးမြေများအတွက် ရေလုံလောက်ပါသည်။ သွင်းအားစုများ အချိန်မီ မသုံးစွဲနိုင်ခြင်းကြောင့် ပိုးမွှားများကျရောက်ထိခိုက်ပါသည်။ စျေးကွက်လက်လှမ်းမီမှုမှာ သီးနှံတိုင်း စျေးကောင်းစွာ မရရှိပါ။ သီးနှံများ အထွက်တိုးစေရန် နည်းပညာပေးဝေနေသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု အားနည်းကြောင်း တွေ့ရှိရပါသည်။

## (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | ၈၆ | ၁၄၂ | - |
| နို့စားနွား | - | - | - |
| မြင်း | - | - | - |
| ကျွဲ | - | - | - |
| မြည်း | - | - | - |
| လား | - | - | - |
| ဆိတ် | ၄ | ၃၄ | - |
| သိုး | - | - | - |
| ဝက် | ၃ | ၈ | - |
| ကြက် | ၁၀ | ၁၅၀ | - |
| ဘဲ | - | - | - |
| နွားနောက် | - | - | - |
| အခြား | - | - | - |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | - | - | - |
| ပုဇွန်ကန် | - | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - | - |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| အခြား | - | - | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မြေလွတ်မြေရိုင်းမရှိပါသဖြင့် ငါးမွေးမြူရေးလုပ်ငန်း မရှိပါ။ ကျေးရွာအတွင်း နွားမွေးမြူသော အိမ်ထောင်စုနှင့် ကြက်၊ ဝက်၊ ဆိတ်များ မွေးသော အိမ်ထောင်စုများသာရှိ၍ အခြားမွေးမြူသော အိမ်ထောင်စုများမရှိပါ။ မွေးမြူရေး အနေအထားမှာ အသင့်အတင့်သာရှိ၍ တိရိစ္ဆာန်၏ ရောဂါကျရောက်မှုများမှာ တိမွေး/ကုများရှိ၍ ကုသမှုအတွက် ချိတ်ဆက်ရန် လွယ်ကူပါသည်။

### (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | ရိတ်သိမ်းပြီး ယာကွက်များရှိခြင်း |
| ရေရရှိမှု | ချောင်းရေ၊ မြောင်းရေများမှ ရရှိပါသည်။ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မရှိ |
| ချေးငွေ | မြစိမ်းရောင်စီမံကိန်းမှ ချေးငွေရရှိပါသည်။ |
| သွင်းအားစု ဈေးကွက် | မင်းဘူး၊ စကုမှ အလွယ်တကူ ရရှိနိုင်ပါသည်။ |
| ဝန်ဆောင်မှု ဈေးကွက် | မွေးမြူရေးဌာနနှင့် ချိတ်ဆက်မှုရှိပါသည်။ |
| ထုတ်ကုန်ရောင်းဝယ်မှု | လက်လှမ်းမမှီပါ။ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | မရှိပါ။ အိမ်ခြံဝန်းများ ကျင်းမြောင်းပါသည်။ |
| အခြား | - |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | - |
| ချေးငွေ | - |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| သွင်းအားစုလက်လှမ်းမီမှု | – |
| နည်းပညာအကူအညီနှင့် နည်းလမ်းများ | – |
| ထုတ်ကုန်ရောင်းဝယ်မှု | – |
| အခြား | – |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ တိရိစ္ဆာန်များ၏ စာကျက်များမှာ သီးနှံများ ရိတ်သိမ်းပြီးချိန် ကာလနှင့် လမ်းဘေးဝဲယာများတွင်သာ စားကျက်မြေများအဖြစ် ပြုလုပ်ပါသည်။ တိရိစ္ဆာန်များ မျိုးကောင်းမျိုးသန့်များရရှိရန် ချိတ်ဆက်မှုအားနည်း၍ မျိုးကောင်းများ မရရှိနိုင်ပါ။ တိရိစ္ဆာန်များကောင်းများ ဝယ်ယူရန် မွေး/ကုမြစိမ်းရောင်မှ ချေးငွေများ ရရှိပါသည်။

## (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေ ရရှိနိုင်မှု | သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု အားနည်းခြင်း |
| ကူးစက်ရောဂါဖြစ်ပွားမှု | ရပ်ကျေးတိမွေးကုများရှိ၍ အလွယ်တကူ ကာဝယ်ကုသနိုင်ပါသည်။ |
| နည်းပညာအကူအညီနှင့်နည်းလမ်းများ | နည်းပညာအားနည်း၍ စီးပွားဖြစ် မမွေးမြူနိုင်ပါ။ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/လေလံလက်လှမ်းမီမှု | လက်လှမ်းမမီပါ။ |
| အခြား | – |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | – |
| ချေးငွေ ရရှိနိုင်မှု | – |
| အခြား | – |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု

ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ မွေးမြူရေးအတွက် စိန်ခေါ်မှုပြဿနာမှာ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု အားနည်းပါသည်။ ကူးစက်ရောဂါဖြစ်ပွားမှုများအား တိမွေး/ကုများ အလွယ်တကူ ကုသနိုင်ပါသော်လည်း နည်းပညာအားနည်း၍ စီးပွားဖြစ် မွေးမြူနိုင်ခြင်း မရှိပါ။ လေလံနှင့် လိုင်စင်ဈေးနှုန်းမြင့်မားခြင်းကြောင့် အသားငါးထုတ်လုပ်မှု အားနည်းခြင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်း ဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ် များ ထုတ်လုပ်ခြင်း | - | - | - | - |
| ၂ | ထုတ်ကုန်လုပ်ငန်း | ၁ | - | ၁ | လတ် |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | ၂ | - | ၂ | လတ် |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | - | - | - | - |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | - | - | - | - |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | - | - | - | - |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်း ဖော်ပြချက် |
|---|---|---|---|---|---|
| ၇ | လက်လီ-လက်ကား ရောင်း ဝယ်ရေး | - | - | - | - |
| ၈ | ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း | - | - | - | - |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင် ရေး နှင့် ဆက်သွယ်ရေး | ၁ | - | ၂ | လတ် |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ငွေချေး ခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | - | - | - | - |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့်ဆက်စပ် သောလုပ်ငန်းများ | - | - | - | - |
| ၁၂ | ပြည်သူဝန်ဆောင်မှုလုပ် ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ် ရေးနှင့် ဘေးကင်းလုံခြုံရေး) | ၄ | - | ၁၀ | လတ် |
| ၁၃ | ပညာရေး | ၂ | - | ၄ | လတ် |
| ၁၄ | ကျန်းမာရေး | - | - | - | - |
| ၁၅ | လူမှုရေးလုပ်ငန်းများ | - | - | - | - |
| ၁၆ | အိမ်များတွင်အငှား လိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြ နိုင်သော လုပ်ငန်းများ | - | - | - | - |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်း ဖော်ပြချက် |
|---|---|---|---|---|---|
| ၁၇ | ပြင်ပအဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies. etc.,) | – | – | – | – |
| | **စုစုပေါင်းအသက်မွေး လုပ်ငန်းလုပ်ကိုင်သူဦးရေ** | ၁၀ | – | ၁၉ | – |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လက်သမား၊ ပန်းရံနှင့် ဆောက်လုပ်ရေးနည်းပညာများ သင်ယူနိုင်ရန်၊ အိမ်တွင်းထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်၊ ဝါးထရံလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ငွေကြေး မပြည့်စုံမှုမှာလည်း အဓိကဖြစ်၍ ချေးငွေများ ဝန်ဆောင်မှုရရန် လိုအပ်နေပါသေးသည်။ ပြည်သူ့ဝန်ဆောင်မှုဖြစ်သော ကာကွယ်အုပ်ချုပ်ရေးမှာ မြို့နယ်များနှင့် နီးစပ်ပြီး ဆက်သွယ်မှုကောင်း၍ ဘေးကင်းလုံခြုံစွာဖြင့် ပညာရေးနှင့် ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များ ကောင်းမွန်စွာ ဆောင်ရွက်နိုင်ပါသည်။

### (၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ကျေးလက်ဦးစီးဌာန | စက်ချုပ်သင်တန်း၊ ဝါးအခြေခံလုပ်ငန်းသင်တန်း၊ လက်သမား၊ ပန်းရံ၊ ဆံသ၊ ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။ |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| NGO | အိမ်တွင်းမှုသင်တန်းများ ဖွင့်လှစ်ပေးရန်လိုအပ်ပါသည်။ |
| | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ်အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။စိုက်ပျိုးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် စက်ချုပ်သင်တန်း၊ ဝါးအခြေခံလုပ်ငန်းသင်တန်း၊ လက်သမား၊ ပန်းရံ၊ ဆံသ၊ ကွန်ပျူတာသင်တန်းများအား ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ ဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။

**ဇယား (၂၃-ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ**

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ပညာအရည်အချင်းကန့်သတ်ချက်နှင့် မကိုက်ညီခြင်း | စားဝတ်နေရေး အခက်အခဲကြောင့်ပညာရေး ဆုံးခန်းတိုင်အောင် မသင်ကြားနိုင်ခြင်း၊ |
| ကျေးရွာပတ်ဝန်းကျင်တွင် စက်ရုံ၊ အလုပ်ရုံများမရှိခြင်း | မြေနေရာလုံလောက်မှုမရှိခြင်း |
| ကျေးလက်၊ NGO၊ INGO | ဦးဆောင်ချိတ်ဆက်မည့်သူမရှိခြင်း |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေး လုပ်ငန်းများ မှာ ပညာအရည်အချင်းကန့်သတ်မှုများ စီးပွားရေးအဆင်မပြေ၍ ပညာ ဆုံးခန်းတိုင်အောင် မသင်ကြားနိုင်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများတည်ဆောက်ရန် မြေနေရာမရသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးပါသည်။ အသက်မွေးဝမ်းကျောင်းသင်ကြားပေးသော ကျေးလက် ဦးစီးဌာန၊ NGO အဖွဲ့အစည်းများနှင့် ဦးဆောင်ချိတ်ဆက်မည့်သူမရှိခြင်း ကြောင့်လည်း ပြဿနာနှင့်အခက်အခဲများရှိပါသည်။

## (၂.၃) ရွှေပြောင်းလုပ်သားများ

### (၂.၃.၁) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | ပြည်တွင်း | | | ပြည်ပ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ရွှေပြောင်းလုပ်သားတစ်ဦး အနည်းဆုံးရှိသော အိမ်ထောင်စု | ၁၂ | ၇ | ၅ | ၁၂ | ၂ | ၅ | ၇ | ၅ | - | ၅ |
| ၂ | ရွှေပြောင်းလုပ်ကိုင်သောကျေးရွာ ရှိ လူဦးရေ | ၁၂ | - | - | - | - | - | - | - | - | - |
| ၃ | ကျေးရွာပြင်ပသို့ ရွှေပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | - | - | - | - | - | - | - | - | - | - |
| | ၆ လ အထိ | - | - | - | - | - | - | - | - | - | - |
| | ၁၂ လ အထိ | - | - | - | - | - | - | - | - | - | - |
| | ၁၂ လ အထက် | - | ၇ | ၅ | ၁၂ | ၂ | ၅ | ၇ | ၅ | - | ၅ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် ရွှေပြောင်းသွားလာသူမှာ ကျား(၇)ဦး နှင့် မ(၅)ဦးရှိပြီး စုစုပေါင်း (၁၂)ဦးရှိပါသည်။ ပြည်တွင်းတွင် သွားလာလုပ်ကိုင်သူမှာ ကျား (၂)ဦးနှင့် မ (၅)ဦးရှိပြီး စုစုပေါင်း (၇)ဦးရှိပါသည်။ ထို့ပြင် ပြည်ပသွားလာလုပ်ကိုင်သူမှာ ကျား(၅)ဦးရှိပါသည်။

## (၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၁၂ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | အခြား | - |

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် အခြားမြို့များသို့ သွားရောက် လုပ်ကိုင်သူလူဦးရေ(၁၂)ဦးရှိပါသည်။ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်း အရင်းမှာ ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့်ဝင်ငွေအခွင့်အလမ်းများရှာဖွေရန် ပြောင်းရွှေ့လုပ်ကိုင် ခြင်းဖြစ်ပါသည်။

## (၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစုပေါင်း | % ကျေးရွာအတွင်းရှိ စုစုပေါင်းအိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | - | - | - | - | - |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | | |
| | - ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | - | - | - | - | - |
| | - ဘဏ် | ၅ | - | - | ၅ | - |
| | - လူကြုံဖြင့်လွှဲပို့ခြင်း | - | - | - | - | - |
| | - ငွေလွှဲလုပ်ငန်းနှင့် ဘဏ် | - | - | - | - | - |
| | -ငွေလွှဲလုပ်ငန်း၊ လူကြုံဖြင့်လွှဲပို့ခြင်း | - | - | - | - | - |

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစု ပေါင်း | % ကျေးရွာ အတွင်းရှိ စုစုပေါင်း အိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| | - ဘဏ်နှင့် လူကြုံဖြင့် လွှဲပို့ခြင်း | - | - | - | - | - |
| | - ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့် လူကြုံ ဖြင့်လွှဲပို့ခြင်း | - | - | - | - | - |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေများကို ဘဏ်မှ (၅)ဦးလွှဲပြီး ကျန်သောအလုပ်သမားများမှာ လူကြုံနှင့်သော်လည်းကောင်း၊ မိမိကိုယ်တိုင်သော်လည်းကောင်း ပြန်ပို့ကြပါသည်။

## (၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး (မိုင်) | (၁)မိုင် (၄)ဖာလုံ | (၁၁)မိုင် (၄)ဖာလုံ |
| သယ်ယူပို့ဆောင်ရေး လမ်းကြောင်း နှင့် ၎င်း၏ အထောက်အပံ့များ | သုံးဘီး၊ ဆိုင်ကယ် | ကား |
| ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင် မှုပေးနိုင်မှု | ဆန်၊ ပဲ၊ နှမ်း | - |
| ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု | တစ်ထပ်၊ သွပ်မိုး | နှစ်ထပ်၊ သွပ်မိုး |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်လက်လှမ်းမီရသော အကွာအဝေး ၁ မိုင် ၄ ဖာလုံနှင့် ၁၁ မိုင် ၄ ဖာလုံရှိသော မြို့များသို့ သုံးဘီးဆိုင်ကယ်နှင့်

ကားများကို အသုံးပြု၍ ကျွန်တော်တို့ရွာ၏ ဒေသထွက်ကုန်များကို ရောင်းချရပါသည်။ စျေး၏ အဆောက်အဦးများမှာ တစ်ထပ်သွပ်မိုးနှင့် နှစ်ထပ်သွပ်မိုးများဖြစ်ပြီး ရောင်းဝယ်မှုနှင့် ကုန်ထုတ်မှုများ ပြုလုပ်ကြရပါသည်။

## (၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုး နှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ်(စိုက်ပျိုးရေးဘဏ်) | ချေးငွေ | ၆ လ | (၆၀)ပြား | - | ပုံစံ(၇)မရှိခြင်း |
| ပုဂ္ဂလိကဘဏ် | - | - | - | - | - |
| ပုဂ္ဂလိက အသေးစား ချေးငွေဝန်ဆောင်မှုကဏ္ဍ | - | - | - | - | - |
| အဖွဲ့အလိုက်ငွေစု/ငွေချေးအစီအစဉ် | - | - | - | - | - |
| ငွေချေးပေးသူ | - | - | - | - | - |
| အပေါင်ဆိုင် | - | - | - | - | - |
| မိတ်ဆွေနှင့် ဆွေမျိုးများ | - | - | - | - | - |
| အခြား | - | - | - | - | - |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေး ဝန်ဆောင်မှု ပေးသောအဖွဲ့များ။

**လေ့လာတွေ့ရှိချက်။** ။ ဘဏ်နှင့်ငွေကြေးလက်လှမ်းမီမှုမှာ အစိုးရ စိုက်ဘဏ်များမှ ချေးငွေအား (၆)လ (၁)ကြိမ် ပြား (၆၀)နှုန်းဖြင့်ချေးပေး၍ အပေါင်ခံပစ္စည်း မလိုအပ်ပါ။ သို့သော် ပုံစံ(၇)မရှိလျှင် ချေး၍မရပါ။

## (၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

### (၂.၆.၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီဩဇာ အခြေအနေ | လတ် | ဓါတုပိုးသတ်ဆေးများ လွန်ကဲစွာ အသုံးပြုခြင်း |
| အပင်မျိုးစိတ်များ | လတ် | ဓါတုပိုးသတ်ဆေးများ လွန်ကဲစွာ အသုံးပြုခြင်း |
| ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု | မြင့် | ဓါတုဆေးဝါးများ သုံးစွဲသော်လည်း နည်းစနစ်မှန်ကန်မှု အားနည်းခြင်း |
| ရေရင်းမြစ် | မြင့် | လူများ၏ စည်းကမ်းမဲ့ဓါတုပစ္စည်းများ စွန့်ပစ်မှု |
| ငါးမျိုးကွဲများ | မြင့် | ငါးဖမ်းရာတွင် လျှော့တိုက်ခြင်း၊ ဆေးချခြင်း |
| အခြားတိရစ္ဆာန်မျိုးကွဲများ | - | - |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | မြင့် | အမှိုက်များကို စနစ်တကျမပစ်ခြင်း |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဓါတုပိုးသတ်ဆေးများ လွန်ကဲစွာ အသုံးပြုခြင်းကြောင့် အပင်မျိုးများနှင့် မြေဆီလွှာပျက်စီးခြင်းမှာ အသင့်အတင့်ရှိပြီး ဓာတုဆေးဝါးများ သုံးစွဲမှုမှာ နည်းစနစ်မမှန်မှုနှင့် စွန့်ပစ်ပစ္စည်းများ စည်းကမ်းမဲ့စွာ သုံးစွဲမှုကြောင့် သဘာဝ ပတ်ဝန်းကျင်၌ တိရိစ္ဆာန်များနှင့် ငါးမျိုးကွဲများ လျော့နည်းသွားခြင်းဖြစ်ပါသည်။

## (၂.၇)  ပညာရေး

### (၂.၇.၁)  ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၉ နှစ်နှင့်အထက် လူဦးရေ၏% |
|---|---|---|---|---|
| စာမတတ်သူဦးရေ | ၁၀ | ၈ | ၁၈ | ၂.၀၅ |
| ဘုန်းကြီးကျောင်းသင်ပညာရေး | ၅ | ၄ | ၉ | ၁.၀၂ |
| မူလတန်းပညာရေး မပြီးဆုံးသူဦးရေ | ၄၇ | ၃၀ | ၇၇ | ၈.၈ |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၃၀၆ | ၂၂၄ | ၅၃၀ | ၆၀.၅၇ |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၅၆ | ၈၇ | ၁၄၃ | ၁၆.၃၄ |
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၃၉ | ၂၁ | ၆၀ | ၆.၈၅ |
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၂၀ | ၁၈ | ၃၈ | ၄.၃၄ |
| **၉ နှစ်နှင့်အထက် လူဦးရေပေါင်း** | **၄၈၃** | **၃၉၂** | **၈၇၅** | **၁၀၀** |

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။**  ။ကျွန်မတို့ကျေးရွာတွင် ပညာရေးနှင့် စာတတ်မြောက်မှုနှုန်း ပတ်သက်၍ စာမတတ်သည့်ဦးရေမှာ ကျား(၁၀)ဦးနှင့် မ (၈)ရှိပြီး စုစုပေါင်း(၁၈)ဦးရှိပါသည်။ ဘုန်းကြီးကျောင်းပညာရေးသည် ကျား(၅)ဦးနှင့် မ (၄)ရှိပြီး စုစုပေါင်း(၉)ဦးရှိပါသည်။ မူလတန်းပညာမပြီးဆုံးသေးသည့်ဦးရေမှာ ကျား(၄၇)ဦးနှင့် မ (၃၀)ရှိပြီး စုစုပေါင်း (၇၇)ဦးရှိပါသည်။ မူလတန်းပြီးဆုံးသူဦးရေမှာ ကျား(၃၀၆)ဦးနှင့် မ (၂၂၄)ရှိပြီး စုစုပေါင်း (၅၃၀)ဦးရှိပါသည်။ အလယ်တန်းပညာပြီးဆုံးသည့်ဦးရေမှာ ကျား(၅၆)ဦးနှင့် မ (၈၇)ရှိပြီး စုစုပေါင်း (၁၄၃)ဦးရှိပါသည်။ အထက်တန်းပညာပြီးဆုံးသူဦးရေမှာ ကျား(၃၉)ဦးနှင့် မ (၂၁)ရှိပြီး စုစုပေါင်း (၆၀)ဦးရှိပြီး တက္ကသိုလ်ပညာပြီးဆုံးသူဦးရေမှာ ကျား(၂၀)ဦးနှင့် မ (၁၈)ရှိပြီး စုစုပေါင်း (၃၈)ဦး ရှိသည်ကို တွေ့ရပါသည်။

### (၂.၇.၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ်လူဦးရေ၏% |
|---|---|---|---|---|
| မူလတန်း (၅-၉ နှစ်) | ၄၈ | ၃၃ | ၇၃ | ၂၅.၉၇ |
| အလယ်တန်း (၁၈-၁၄နှစ်) | ၈၄ | ၇၆ | ၁၆၈ | ၅၆.၉၃ |
| အထက်တန်း(၁၅-၁၆ နှစ်ကြား) | ၁၂ | ၁၄ | ၂၆ | ၉.၂၅ |
| တက္ကသိုလ် ကျောင်းသား၊ သူ | ၉ | ၁၃ | ၂၂ | ၇.၈ |

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် လက်ရှိပညာသင်ကြားနေသော ကျောင်းတတ်နှုန်းအနေဖြင့် မူလတန်းပညာသင်ကြားနေသူ ကျား(၄၈)ဦးနှင့် မ (၃၃)ရှိပြီး စုစုပေါင်း (၇၃)ဦးရှိပြီး ၂၅.၉၇% ရှိပါသည်။ အလယ်တန်းပညာသင်ကြားနေသူ ကျား(၈၄)ဦးနှင့် မ (၇၆)ရှိပြီး စုစုပေါင်း (၁၆၈)ဦးရှိပြီး ၅၆.၉၃% ရှိပါသည်။ အထက်တန်းပညာသင်ကြားနေသူ ကျား(၁၂)ဦးနှင့် မ (၁၄)ရှိပြီး စုစုပေါင်း (၂၆)ဦးရှိပြီး ၉.၂၅% ရှိပါသည်။ တက္ကသိုလ် ကျောင်းသား/ သူ ကျား(၉)ဦးနှင့် မ (၁၃)ရှိပြီး စုစုပေါင်း (၂၂)ဦးရှိပြီး ၇.၈% ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

### (၂.၇.၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | မူလတန်းကျောင်း | အလယ်တန်းကျောင်း |
|---|---|---|
| ရွာမှ အကွာအဝေး(မိုင်) | မူလတန်းကျောင်း | အလယ်တန်းကျောင်း၊ |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် | ခြေလျင် |
| စာသင်ကျောင်း အရွယ်အစား (အလျား၊ အနံ၊အမြင့်) | (၆၀'x၃၀'x၁၂') | (၆၀'x၃၀'x၁၂') |
| အမိုး၊ နံရံ၊ အခင်း အရည်အသွေး | သွပ်၊ အုတ်၊ ကွန်ကရစ် | သွပ်၊ အုတ်၊ ကွန်ကရစ် |
| ကျောင်းသုံး ပရိဘောဂ (လုံလောက်မှု ရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ | သင့် | သင့် |

| အကြောင်းအရာ | မူလတန်းကျောင်း | | | အလယ်တန်းကျောင်း | | |
|---|---|---|---|---|---|---|
| ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရ အမျိုးအစားနှင့် ကြိမ်ရေ) | မရှိ | | | မရှိ | | |
| ကျောင်းဆရာဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | ၃ | ၃ | ၆ | - | ၃ | ၃ |
| ကျေးရွာခန့် | - | - | - | - | - | - |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေရွာ၏ မူလတန်းနှင့် အလယ်တန်းစာသင်ကျောင်းဆောင်မှာ (၆၀'x၃၀'x၁၂') ရှိပြီး သွပ်မိုး၊ အုတ်နံရံ၊ ကွန်ကရစ်ခင်းဖြစ်ပါသည်။ ကျောင်းသုံးပရိဘောဂ များမှာ အသင့်အတင့်ရှိပါသည်။ ကျောင်းဆရာ/မ စုစုပေါင်းဦးရေမှာ (၉)ဦးရှိပြီး အစိုးရခန့် များသာဖြစ်ပါသည်။

## (၂.၇.၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ

၎ယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ဦးရေ | (ကျား ၃ ဦး၊ မ ၆ ဦး) |
| တပည့် - ဆရာ အချိုး | ကိုက်ညီပါသည်။ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိ |
| မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် | မရှိ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | ရှိ |
| ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု | မရှိ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု | ရှိ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | လစဉ်တွေ့ဆုံသည်။ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ကျောင်းဆရာ/မ ကျား(၃)ဦး မ(၆)ဦး ရှိပြီး ဆရာတပည့်အချိုး ကိုက်ညီပါသည်။ မူလတန်းပညာ ကျောင်းထွက်နှုန်းမရှိပါ။ မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် မရှိပါ။ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ လုံလောက်မှု

ရှိပြီး ကျောင်းအားကစားဆိုင်ရာပစ္စည်းများမှာ လက်လှမ်းမီမှုရှိသော်လည်း ငွေကြေးမတတ်နိုင်ပါ။

## (၂.၈) ကျန်းမာရေးနှင့် အာဟာရ

### (၂.၈.၁) အဖြစ်များသော ရောဂါများ

၎ယား (၃၄) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၁ | ဝမ်းပျက်ဝမ်းလျှောရောဂါ | - | ✓ | - | - |
| ၂ | သွေးလွန်တုပ်ကွေး | - | ✓ | - | - |
| ၃ | ငှက်ဖျား | - | ✓ | - | - |
| ၄ | အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ | - | ✓ | - | - |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | - | - | ✓ | - |
| ၆ | တီဘီ | - | ✓ | - | - |
| ၇ | ဆီးချို | - | ✓ | - | - |
| ၈ | သွေးတိုး | - | ✓ | - | - |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | - | ✓ | - | - |
| ၁၀ | အာဟာရ ချို့တဲ့မှု | - | - | ✓ | - |
| ၁၀ | အခြား ကူးစက်နိုင်သော ရောဂါများ | - | - | ✓ | - |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ အသက်ရှူလမ်းကြောင်းကူးစက်ရောဂါများ အနည်းငယ်သာ ရှိပါသည်။ တီဘီ၊ ဆီးချိုနှင့် သွေးတိုး၊ အသည်းရောဂါ(ဘီ၊ စီ) အနည်းငယ်သာရှိ၍ အခြားကူးစက်နိုင်သော လိင်မှတစ်ဆင့် ကူးစက်နိုင်သော ရောဂါများ၊ အာဟာရချို့တဲ့မှု မရှိပါ။

ကျန်းမာရေးဟောပြောပွဲများရှိ၍ ရောဂါများဖြစ်ပွားနိုင်မှုမှာ အနည်းငယ်သာ တွေ့ရှိရပါသည်။

### (၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✓ | - | - |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | - | - |
| ၃ | ပိုလီယိုရောဂါ | ✓ | - | - |
| ၄ | မေးခိုင်(ကိုယ်ဝန်ဆောင်ကာလအတွင်း) | ✓ | - | - |
| ၅ | ဝက်သက်ရောဂါ | ✓ | - | - |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ✓ | - | - |
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | - | ✓ | - |
| ၈ | အာဟာရပညာပေး အစီအစဉ် | ✓ | - | - |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးများကို ကျန်းမာရေးဌာနမှ အစဉ်မပြတ် ထိုးနှံပေးပါသည်။ အာဟာရမှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) စစ်ဆေးမှုမရှိပါ။

### (၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက် မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်း များ (လုံလောက်မှု/ မလုံလောက်မှု) | မှတ် ချက် |
|---|---|---|---|---|---|

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက် မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်း များ (လုံလောက်မှု/ မလုံလောက်မှု) | မှတ် ချက် |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာန | - | - | ကျန်းမာရေးမှူး-<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ-<br>ကြီးကြပ် (၁) -<br>ကြီးကြပ် (၂) -<br>တိုင်းရင်းဆေးကု-<br>အရပ်လက်သည်- | - | |
| တိုက်နယ် ဆေးရုံ | - | - | ဆရာဝန် -<br>လ/ထ -<br>ကျန်းမာရေးမှူး-<br>သူနာပြု -<br>သားဖွားဆရာမ-<br>အရံသားဖွားဆရာမ-<br>ဓာတ်ခွဲကျွမ်းကျင်- | - | |
| မြို့နယ် ဆေးရုံ | - | - | ဆရာဝန် -<br>လ/ထ -<br>ကျန်းမာရေးမှူး-<br>သူနာပြု -<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ-<br>ဓာတ်ခွဲကျွမ်းကျင်- | - | |
| ဆေးဆိုင် | (၁)မိုင် (၄)ဖာ | မရှိ | ဆေးဝါးကျွမ်းကျင် သူ- ရှိ | လက်လှမ်းမှီမှု--<br>ဆေးဝါး-- | |

| ကျန်းမာရေးဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင် (လုံလောက်မှုရှိ/မရှိ) | ကျန်းမာရေးဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သောအသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| | လုံ | | | သိုလှောင်ပုံစနစ်-<br>အအေးခန်းစနစ်- | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျန်းမာရေးအထောက်အပံ့အနေဖြင့် ကောင်းမွန်၍ ဆေးဝါးများဝယ်ယူရာတွင် ၁ မိုင် ၄ ဖာလုံဝေးကွာသော စကုမြို့သို့သွား၍ ဝယ်ယူရပါသည်။ တိုင်းရင်းဆေးကုသရေးဌာနမရှိပါ။ ဆေးဝါးကျွမ်းကျင်သူသာရှိပါသည်။ ကျွန်တော်တို့ရွာတွင် ကျန်းမာရေးဆိုးဝါးစွာဖြစ်လျှင် မင်းဘူးမြို့ဆေးရုံသို့ သွားရောက်ကုသရပါသည်။ အကွာအဝေး (၁၁)မိုင်(၄)ဖာလုံကွာဝေးပါသည်။

## (၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေအတွက် | အကောင်း/အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | | | - | - | - | - |
| အဝိစိတွင်း/စက်တပ် | ၁၅၄ | ကောင်း | ✓ | ✓ | ✓ | - |
| အဝိစိတွင်း/တုံကင် | ၇၆ | ကောင်း | ✓ | ✓ | ✓ | - |
| မိုးရေသိုလှောင်ကန် | - | - | - | - | - | - |
| မြစ်/ချောင်း | - | - | - | - | - | - |
| ရေကန် | - | - | - | - | - | - |
| စိမ့်စမ်းရေသွယ်တန်းခြင်း | - | - | - | - | - | - |
| အခြား | - | - | - | - | - | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ သောက်သုံးရေရရှိနိုင်မှုမှာ မန်းချောင်း၊ မြောင်းများနှင့်နီး၍ မြေပြန့်ဒေသဖြစ်သောကြောင့် အဝီစိတွင်းများတူးရန် လွယ်ကူ၍ စက်တပ်အင်ဂျင်(၁၅၄)လုံး ရှိ၍ လွယ်ကူစွာ သုံးစွဲနိုင်ခြင်းဖြစ်သည်။ ရေကောင်းရေသန့်များ သုံးစွဲကြရသည်။ ရွာအတွင်း အဝီစိတွင်း တုံကင် (၇၆)လုံး ရှိပြီး ကျန်သူများမှာ မှီခိုသုံးစွဲကြသော မိသားစုဝင်များ ဖြစ်ကြသည်။ ရေရရှိမှုမှာ ခက်ခဲမှုမရှိပါ။

### (၂.၉.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၃၈၅ | ကျန်းမာရေးဗဟုသုတရှိခြင်းကြောင့် ယင်လုံအိမ်သာ သုံးစွဲခြင်း |
| ကျင်းအိမ်သာ | - | - |
| မြေပေါ် အိမ်သာ | - | - |
| တောထိုင် | - | - |
| **စုစုပေါင်း** | **၃၈၅** | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် ကျန်းမာရေးဗဟုသုတရှိခြင်းကြောင့် ယင်လုံအိမ်သာသုံးစွဲသော အိမ်ထောင်စုမှာ (၃၈၅)စုရှိပြီး ကျန်အိမ်ထောင်စုများမှာ မိသားစုဝင်များနှင့် တွဲဖက်သုံးစွဲကြပါသည်။

## (၂.၁၀) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

| # | ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီး တက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု | ✓ | | ဘာသာရေးနှင့် သာရေးနာရေးတွင် ပါဝင်ဆောင်ရွက် |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ✓ | - | မြစိမ်းရောင်(မွေး/ကု) |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယ ဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | - | ✓ | တရားဥပဒေ စိုးမိုးသော ကျေးရွာဖြစ်သည့်အတွက် |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ အတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာ များအတွက် လူထု၏ အသိအမြင်ရှိမှု | ✓ | - | တီဗွီ၊ ရေဒီယို သတင်းများ နားထောင်၍ ဗဟုသုတ ရှိခြင်း |
| ၅ | အခြား (ရှိလျှင်) | - | - | - |

ရင်းမြစ်... (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်ကျေးရွာတွင် ကျား-မ ရေးရာကိစ္စများတွင် ကျေးရွာစီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်မှုရှိပါသည်။ အမျိုးသမီးများ အခန်းကဏ္ဍတွင်လည်း ပါဝင်ခွင့်ပေးထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်မှုများရှိပါသည်။ လွန်ခဲ့သော နှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့)တိုင်ကြားမှုများမရှိပါ။ အဘယ်ကြောင့်ဆိုသော် တရားဥပဒေစိုးမိုးသော ကျေးရွာဖြစ်သည့် အတွက် တိုင်ကြားမှုမရှိပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှု ဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှုမှာ တီဗွီ၊ ရေဒီယို သတင်းများ နားထောင်၍ ဗဟုသုတရှိကြပါသည်။

## (၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

### (၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား (၁/၂/၃) | ကောင်း/ ဆိုး | တည် ဆောက် ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်း ရာသီ | တစ်နှစ် ပတ်လုံး | |
| ရွာတွင်းလမ်း | ၂ | ကောင်း | - | - | ✓ | ၅ ဖာလုံ |
| ချဉ်းကပ်လမ်း | ၂ | ကောင်း | - | - | ✓ | - |
| ရွာချင်းဆက်လမ်း | ၂ | ကောင်း | - | - | ✓ | ၄ ဖာလုံ |
| အခြား | - | - | - | - | - | - |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ လမ်းတည်ရှိမှုနှင့် ချဉ်းကပ်လမ်းများ၊ ရွာချင်းဆက်လမ်းများ၏ တည်ဆောက်ခဲ့သောနှစ်မှာ နှစ်ပေါင်းတစ်ရာကျော်ခန့် ရှိပြီဖြစ်ပါသည်။ ရွာတွင်းလမ်းများမှာ မြေသားလမ်းဖြစ်၍ မိုးရာသီတွင် သွားလာရေး အနည်းငယ်ခက်ခဲပါသည်။ ရွာချင်းဆက်လမ်းများမှာ ကောင်းမွန်၍ ရာသီမရွေးသွားလာနိုင်သည်။

### (၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား | ကောင်း/ ဆိုး | တည်ဆောက် ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| ဆိပ်ခံတံတား | - | - | - | - | - |
| ကွန်ကရစ်တံတား | - | - | - | - | - |
| ကြိုးတံတား | - | - | - | - | - |
| ရေပြွန် | - | - | - | - | - |
| အခြား | - | - | - | - | - |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် တံတားအသုံးပြုမှု မရှိပါ။

### (၂.၁၁.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ် အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| မြစ်ကြောင်း | - | - | - | - |
| ပင်လယ်ရေကြောင်း | - | - | - | - |
| အခြား | - | - | - | - |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ - လှေ၊ သမ္ဘာန် ၂ - မော်တော် ၃ - သင်္ဘော

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာအနေဖြင့် ရေကြောင်း သယ်ယူ ပို့ဆောင်ရေး အသုံးပြုမှုမရှိပါ။

### (၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုး အစား | စက် လှေ | လှေ၊ သမ္ဘာန် | စက် ဘီး | မော်တော် ဆိုင်ကယ် | သုံးဘီး ဆိုင်ကယ်၊ ထော်လာကျီ | ကား | မြင်း လှည်း | နွား လှည်း |
|---|---|---|---|---|---|---|---|---|
| အရေအတွက် | - | - | ၅၀ | ၂၀၆ | ၂ | ၇ | - | ၇၈ |

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးယာဉ်များမှာ စက်ဘီး (၅၀)စီးရှိပြီး မော်တော်ဆိုင်ကယ်(၂၀၆)စီးရှိပါသည်။ ထို့ပြင် သုံးဘီးဆိုင်ကယ် (၂)စီးနှင့် ကား(၇)စီး ရှိပြီး နွားလှည်း (၇၈)စီးရှိပါသည်။

## (၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | ၃၈၅ | - | - |
| ဆိုလာစနစ် | - | - | - |
| အသေးစားရေအားလျှပ်စစ် | - | - | - |
| ဒီဇယ်သုံးအင်ဂျင် | - | - | - |
| လေစွမ်းအင် | - | - | - |
| ဇီဝလောင်စာ | - | - | - |
| အခြား | - | - | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ လျှပ်စစ်မီးရရှိမှုအနေဖြင့် မဟာဓာတ်အားလိုင်းမှ ရရှိပါသည်။ ဓာတ်အားလိုင်းများဆက်သွယ်ရာတွင် အသုံးပြုသော လျှပ်စစ်ဓာတ်တိုင်များမှာ အချိန်ကြာမြင့်ပြီးဖြစ်၍ အနည်းငယ်ချွတ်ယွင်းမှုရှိသည်။ သဘာဝဘေးအန္တရာယ်ကျရောက်ပါက အန္တရာယ်ရှိနိုင်ပါသည်။ လမ်းဓာတ်တိုင်များ အသစ်လဲလှယ်ရန် လိုအပ်ပါသည်။

## (၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း | အခြား |
|---|---|---|---|---|---|
| အရေအတွက် | ၄၅၆ | ၇ | ၂၄၉ | ၅ | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ရယူရန် ဖုန်း(၄၅၆)လုံး၊ ရေဒီယို (၇)လုံး၊ တီဗွီ (၂၄၉)လုံးနှင့် ဂြိုလ်တုစလောင်း (၅)လုံးရှိပါသည်။ သတင်းအချက်အလက်များလည်း လက်လှမ်းမီကြပါသည်။

## (၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု | မရှိ၊ အနည်းငယ်ကွာဝေး |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | ဘာသာရေး၊ နာရေးပါဝင်ဆောင်ရွက် |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ရှိ |
| အားကစားပစ္စည်းများအား လက်လှမ်းမီမှု | မရှိ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | ရှိ |
| ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး | ရှိ |
| စာကြည့်တိုက်၊ အင်တာနက်စသည်များအား လက်လှမ်းမီမှု | ရှိ |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အပန်းဖြေသည့်နေရာများ လက်လှမ်းမှီမှုမရှိပါ ။ လူမှုရေးနှင့် ဘာသာရေး၊ နာရေးဆိုင်ရာများတွင် လူငယ်များ ပါဝင်ဆောင်ရွက်ကြပါသည်။ ကထိန်ပွဲများ၊ သံဃဌာန အာရုဏ်ဆွမ်းလောင်းပွဲများလည်း နှစ်စဉ်ပြုလုပ်ကြပါသည်။ အားကစားပစ္စည်းများအား လက်လှမ်းမီမှုမရှိပါ။ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ဘာသာရေးလုပ်ငန်းများတွင်လည်း တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးမှာလည်း အလေးထားဆောင်ရွက်ပါသည်။ စာကြည့်တိုက်၊ အင်တာနက် စသည်များအား လက်လှမ်းမီမှု ရှိပါသည်။

## (၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

### (၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦများအား လက်လှမ်းမီမှု | ရှိ |
| အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု | မရှိပါ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် | ကြက်ခြေနီအဖွဲ့၊ အရံမီးသတ်တပ်ဖွဲ့များရှိ |

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| လျှော့ချရေး အစီအစဉ် | |
| ရဲစခန်းများအား လက်လှမ်းမီမှု | စကုစခန်းနှင့် (၁)မိုင်(၄)ဖာလုံ အကွာအဝေး |
| အခြား | - |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။ ဆက်သွယ်မှုဆိုင်ရာများ သတင်းအချက်အလက်များ အချိန်နှင့်တပြေးညီရရှိ၍ ဆက်သွယ်ရေးလွယ်ကူပါသည်။ အာမခံလုပ်ငန်းများ လက်လှမ်းမမှီပါ။ လူနေမှုဘဝ ဘေးကင်းလုံခြုံမှုကောင်းမွန်ပြီး စကုရဲစခန်းနှင့် (၁)မိုင်(၄)ဖာလုံသာ ကွာဝေးပါသည်။ လူထုအခြေပြုသဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ်အနေဖြင့် အရံမီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီသင်တန်းများ လေ့ကျင့်ပေးထားပါသည်။

## (၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

၈ယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| စိုးရိမ် /သာမန် | - | - | - | - |
| | | | | |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

မှတ်ချက် - စိုးရိမ် = ၁၊ သာမာန် - ၂

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာသည် တရားဥပဒေစိုးမိုးသည့်ကျေးရွာ ဖြစ်ခြင်းကြောင့် လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးသုံးစွဲမှုနှင့် အကြမ်းဖက်မှုများ မရှိပါ။

## ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **လမ်းပန်းဆက်သွယ်ရေးကဏ္ဍ** | | | | | |
| | • ရွာတွင်းလမ်းများ မကောင်းခြင်း | • မြေသားလမ်းများဖြစ်နေခြင်း<br>• လမ်းများညီညာမှုမရှိခြင်း | • လမ်းပန်းဆက် သွယ်ရေးကောင်းမွန်လျှင် သွားရေးလာရေးအဆင်ပြေ ချောမွေ့နိုင်ခြင်း<br>• ကျောက်စရစ်များအလွယ်တကူဝယ်ယူ ရရှိနိုင်ခြင်း<br>• ကျေးရွာဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနေသည့် ဦးစီးဌာနများ ရှိနေခြင်း | • ကိုယ်ထူကိုယ်ထ ဆောင်ရွက်ရန်ငွေကြေးမတတ်နိုင်ခြင်း<br>• ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်မှုအားနည်းခြင်း | • လမ်းကော်မတီဖွဲ့စည်းခြင်း<br>• ရန်ပုံငွေများစုဆောင်းကောက်ခံခြင်း<br>• ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | • **ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း**<br>- လမ်းကော်မတီဖွဲ့စည်းခြင်း<br>- ရန်ပုံငွေများစုဆောင်း ကောက်ခံခြင်း<br>- သက်ဆိုင်ရာကော်မတီများနှင့် ချိတ်ဆက်အကူအညီ တောင်းခံခြင်း<br>- ကျေးလက်ဦးစီးနှင့် ချိတ်ဆက်အကူညီ တောင်းခံခြင်း |
| | • ကုန်ထုတ်လမ်း မရှိခြင်း | • သယ်ယူပို့ဆောင်ရေးခက်ခဲခြင်း | • ယာခင်း/စိုက်ခင်းများမှ သီးနှံများ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ခြင်း<br>• ကျောက်စရစ်များအလွယ်တကူဝယ်ယူ ရရှိနိုင်ခြင်း<br>• ကျေးရွာမှ ကုန်ထုတ်လမ်းဖော်ရန်အတွက် မြေယာလှူဒါန်းနိုင်ခြင်း | • ကိုယ်ထူကိုယ်ထ ဆောင်ရွက်ရန်ငွေကြေးမတတ်နိုင်ခြင်း<br>• ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်မှုအားနည်းခြင်း | • ရန်ပုံငွေများ စုဆောင်းကောက်ခံခြင်း<br>• ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | • **ကုန်ထုတ်လမ်းဖောက်ခြင်း**<br>- လမ်းကော်မတီဖွဲ့စည်းခြင်း<br>- ရန်ပုံငွေများစုဆောင်းကောက်ခံခြင်း<br>- ကျေးလက်ဦးစီးနှင့် ချိတ်ဆက်အကူညီ တောင်းခံခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၂ | **ကျန်းမာရေးကဏ္ဍ** | | | | | |
| | • ကျေးလက်ဆေးပေးခန်းမရှိခြင်း | • ကျေးလက်ကျန်းမာရေးဌာန(ခွဲ)မရှိခြင်း<br>• အချိန်မီကုသနိုင်မှုအားနည်းခြင်း | • ကျန်းမာရေးဦးစီးဌာနရှိနေခြင်း<br>• ပရဟိတလူငယ်အဖွဲ့ရှိနေခြင်း | • မြို့နှင့် အလှမ်းဝေးကွာခြင်း<br>• ဆေးပေးခန်းဆောက်လုပ်ရန်ရန်ပုံငွေမရှိခြင်း<br>• ကျန်းမာရေးဗဟုသုတများ လိုက်စားမှုအားနည်းခြင်း | • ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• NGO၊ INGOအဖွဲ့ အစည်း၊ ပြင်ပအလှူရှင်များနှင့် ချိတ်ဆက်အကူအညီတောင်းခံခြင်း | • **ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း**<br>- ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း<br>- ကျန်းမာရေးဝန်ထမ်းများ လုံလောက်စွာခန့်ထားနိုင်ရေး တင်ပြတောင်းဆိုခြင်း<br>- ကျန်းမာရေးအသိပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်း |
| ၃ | **လူငယ်ရေးရာကဏ္ဍ** | | | | | |
| | စာကြည့်တိုက်အတွင်း ပရိဘောဂမလုံလောက်ခြင်း | • ငွေကြေးမတတ်နိုင်ခြင်း<br>• စာအုပ်အရေအတွက်များပြားလာခြင်း | • ပြန်/ဆက်ဦးစီးဌာန ရှိခြင်း<br>• လူငယ်များ စာပေ ပိုမိုလေ့လာနိုင်ခြင်း<br>• ထိန်းသိမ်းရ လွယ်ကူခြင်း | • ပြန်/ဆက်ဦးစီးဌာနနှင့် ချိတ်ဆက်မှုအား နည်းခြင်း | • ပြန်/ဆက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• ပြင်ပအလှူရှင်များ နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | • **စာကြည့်တိုက် တည်ဆောက်ခြင်း**<br>– စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်း<br>– ပြန်/ဆက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>– ပြင်ပအလှူရှင်များနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း |
| | • အားကစားပစ္စည်းများ မရှိခြင်း | • ငွေကြေးမတတ်နိုင်ခြင်း<br>• လူငယ်များမှာ ဝင်ငွေရ လုပ်ငန်းများကိုသာ ဦးစားပေးလုပ်ကိုင်ရ | • အားကစားပစ္စည်းများ ထားရှိရန် မြေနေရာရှိခြင်း<br>• လူငယ်များ ကိုယ်လက်ကြံ့ခိုင် ကျန်းမာသန်စွမ်းလာခြင်း | • ငွေကြေးမတတ်နိုင်ခြင်း<br>• ဝင်ငွေရလုပ်ငန်းများကို ဦးစားပေး လုပ်ကိုင်ရသည့်အတွက် | • NGO၊ INGOအဖွဲ့ အစည်း၊ ပြင်ပအလှူရှင်များနှင့် ချိတ်ဆက်အကူအညီတောင်းခံခြင်း<br>• အားကစားနှင့် ကာယ | • **အားကစားအထောက်အကူပစ္စည်းများ ရရှိနိုင်ရေး**<br>- အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | ခြင်း | | အချိန်မပေးနိုင်ခြင်း<br>• ကျေးရွာသူ/သားများ ကျန်းမာရေးဗဟုသုတ အားနည်း ခြင်း | ပညာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | - ရန်ပုံငွေများစုဆောင်း ကောက်ခံခြင်း<br>- NGO၊ INGOအဖွဲ့အစည်းပြင်ပ အလှူရှင်များနှင့် ချိတ်ဆက် အကူအညီတောင်းခံခြင်း<br>- အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ နည်းပြများနှင့် လေ့ကျင့်သင်ကြားပေးခြင်း |
| ၄ | **လျှပ်စစ်မီးလင်းရေးကဏ္ဍ** | | | | | |
| | • လျှပ်စစ်မီးတိုင်များ ယိုယွင်းပျက်စီးနေခြင်း | • သစ်သားတိုင်များ ဖြစ်သည့်အတွက် ရာသီဥတုဒဏ် မခံနိုင်ခြင်း | • မြို့နယ်လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးဌာန ရှိခြင်း<br>• ကျေးရွာမှ ရန်ပုံငွေများ စုဆောင်းကောက်ခံနိုင်ခြင်း | • မြို့နယ်လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးဌာနနှင့်ချိတ်ဆက်မှုအားနည်းခြင်း<br>• ကိုယ်ထူကိုယ်ထမီးလိုင်းဆွဲရန်ငွေကြေးမတတ်နိုင်ခြင်း<br>• ဆုဆောင်းငွေမရှိခြင်း | • မြို့နယ်လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးဌာနနှင့် ချိတ်ဆက်အကူညီတောင်းခံခြင်း<br>• ရန်ပုံငွေများစုဆောင်းခြင်း<br>• ပြင်မအလှူရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | • **ကျေးရွာတွင်း လျှပ်စစ်မီးတိုင် (သစ်သားတိုင်မှ ကွန်ကရစ်တိုင်) အစားထိုးတပ်ဆင်ခြင်း**<br>- ကျေးရွာအတွင်းရန်ပုံငွေများစုဆောင်းကောက်ခံခြင်း<br>- သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက်အကူညီတောင်းခံခြင်း<br>- ပြင်ပအလှူရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း |
| ၅ | **လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍ** | | | | | |
| | • လူမှုကူညီရေးကား လိုအပ်ခြင်း<br>• နာရေးကူညီမှုကား | • ငွေကြေးမတတ်နိုင်ခြင်း | • ကျန်းမာရေး၊ လူမှုရေး၊ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက လွယ် | • ပြင်ပအလှူရှင်များနှင့် ချိတ်ဆက်မှု အားနည်းခြင်း | • ရန်ပုံငွေများ စုဆောင်းကောက်ခံခြင်း<br>• ပြင်ပအလှူရှင်များနှင့် | **လူမှုကူညီရေးကားဝယ်ယူခြင်း နှင့် နာရေးကူညီမှုကားဝယ်ယူခြင်း**<br>– လူမှုကူညီရေးအဖွဲ့အစည်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | မရှိခြင်း | | ကူစွာ ဖြေရှင်းနိုင်ခြင်း<br>• ကျေးရွာတွင် ဦးစီးဦးဆောင် လုပ်ကိုင်မည့် လူငယ်များရှိခြင်း | • လူမှုကူညီရေးအဖွဲ့ အစည်းများနှင့် ချိတ်ဆက်မှု အားနည်းခြင်း | ချိတ်ဆက် ဆောင်ရွက်ခြင်း | များနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း<br>- ရန်ပုံငွေများ စုဆောင်း ကောက်ခံခြင်း<br>- ပြင်ပအလှူရှင်များနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း<br>- ကြက်ခြေနီအသင်းအဖွဲ့များမှ နည်းပြများနှင့် အရေးပေါ် ကယ်ဆယ်ရေးသင်တန်း ဖွင့်လှစ်ပို့ချခြင်း |
| ၆ | **ပညာရေးကဏ္ဍ** | | | | | |
| | • ကျေးရွာတွင် အထက်တန်းကျောင်း မရှိခြင်း<br>• အထက်တန်းကျောင်းသားများမှာ စကုမြို့ရှိ အထက်တန်းကျောင်းတွင် သွားရောက် ပညာသင်ကြားရခြင်း | • ငွေကြေးမတတ်နိုင်ခြင်း<br>• ကျောင်းသား/ဦးရေ များပြားလာခြင်း | • ကျောင်းသား/သူများ သွားလာရ အဆင်ပြေခြင်း<br>• ပညာရေးဦးစီးဌာနရှိခြင်း<br>• ပညာရေးအဆင့်အတန်း တိုးတက်ကောင်းမွန်လာခြင်း | • ရန်ပုံငွေလုံလောက်မှု မရှိခြင်း<br>• မြို့နယ်ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်မှုအားနည်းခြင်း<br>• အလှူရှင်များနှင့် ချိတ်ဆက်မှုအား နည်းခြင်း | • ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ လိုအပ် ချက်များ တင်ပြတောင်း ဆိုခြင်း<br>• NGO၊ INGOအဖွဲ့ အစည်း၊ ပြင်ပအလှူရှင်များနှင့် ချိတ်ဆက်အကူအညီ တောင်းခံခြင်း | • **အ.လ.က မှ အ.ထ.က သို့ တိုးမြှင့်နိုင်ရေး**<br>- ပညာရေးဦးစီးဌာနနှင့်ချိတ်ဆက်အကူညီတောင်းခံခြင်း<br>- NGO ၊ INGO အဖွဲ့အစည်း၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း |
| ၇ | **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ** | | | | | |
| | • အမှိုက်သိမ်းယာဉ် လိုအပ်ခြင်း | • ငွေကြေးမတတ်နိုင်ခြင်း | • အလှူရှင်များ ရှိခြင်း<br>• ကျေးရွာမှ ဦးစီးဦးဆောင်မည့် လူငယ်များ ရှိခြင်း | • ကျေးရွာသူ/သားများ ဗဟုသုတ အားနည်းခြင်း | • NGO၊ INGOအဖွဲ့ အစည်း၊ ပြင်ပအလှူရှင်များနှင့် ချိတ်ဆက်အကူအညီ | • **အမှိုက်သိမ်းယာဉ် ဝယ်ယူခြင်း**<br>- စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှု ကော်မတီဖွဲ့စည်းခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | • ကျေးရွာဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနေသည့် ဦးစီးဌာနများ ရှိနေခြင်း | | တောင်းခံခြင်း<br>• စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု အသိပညာပေးဟောပြော ပွဲများ ပြုလုပ်နိုင်ရေး ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | - ရန်ပုံငွေများစုဆောင်း ကောက်ခံခြင်း<br>- NGO၊ INGOအဖွဲ့အစည်းပြင်ပ အလှူရှင်များနှင့် ချိတ်ဆက် အကူအညီတောင်းခံခြင်း<br>- ကျေးရွာသူ/သားများ စနစ်တကျ အမှိုက်စွန့်ပစ်နိုင်စေ ရေးအသိပညာပေး ဟော ပြောပွဲများ ပြုလုပ်ခြင်း |